ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (15-3-2004) (၄၁၇၆)

သိပ္ပနှ
တေံ မင်္ဂလ မုတ္တမံ။

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဒို့တာဝန်အရေးသုံးပါး အစဥ်ဦးထိပ်ထား

နိုင်ငံ့စွမ်းအားကိုရရှိဖို့ နိုင်ငံတော်အေးချမ်းသာယာရေးကို မဖြစ်မနေဖော်ဆောင်ရမှာဖြစ်တယ်။ ငြိမ်းချမ်းရေးဆိုတာဟာလည်း ပြည်သူ့အကျိုးစီးပွားအတွက် မရှိမဖြစ်လိုအပ်တာမို့ ဒေသခံပြည်သူတွေဟာ ငြိမ်းချမ်းရေးကို အလွန်တောင့်တနေကြပြီ ဖြစ်တယ်။ နယ်ချဲ့တွေပေးထားခဲ့တဲ့ အမြင်ကျဉ်းမြောင်းသော လူမျိုးစွဲအယူအဆတွေ ကင်းစင်သွားရင် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်က လွတ်ကင်းသွားမယ့်အပြင် ငြိမ်းချမ်းသာယာမှုကို အပြည့်အဝရရှိကြမှာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စု တိုင်းရင်းသားအားလုံးက အမျိုးသားရေးယုံကြည်ချက် ခံယူချက်ဖြစ်တဲ့–

(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို မမိတ်မသုန် လက်ခံယုံကြည်ဖို့ လိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၅)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်း ဆက်စကား ပြောကြားစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ)

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲကျင်းပ

ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှုတ်ခွန်းဆက်စကားပြောကြား

ရန်ကုန် မတ် ၁၄

၂၀၀၄ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်စနာရီတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၃-၂၀၀၄
(တနင်္လာနေ့)

နိုင်ငံတော်ကို ထာဝရကာကွယ်စောင့်ရှောက်နေသည့် သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်

တပ်မတော်သည် အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာသော မျိုးချစ်တပ်မတော်ဖြစ်သည်။ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို တပ်မတော်၏ ဗီဇသန္ဓေတည်စဉ်ကတည်းကစ၍ အရယူရန် သန္နိဋ္ဌာန် ချမှတ် ကြိုးပမ်းခဲ့ရာ ရည်မှန်းချက်ပန်းတိုင်အရောက် အသက်၊ သွေး၊ ချွေးပေးဆပ်ကာ အရယူနိုင်ခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက် အစဉ်တစိုက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးရပြီးသည်နှင့် ၁၉၄၈-၄၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းရောင်စုံ သောင်းကျန်းမှု အန္တရာယ်ကို ပြည်ထောင်စုစိတ်ဓာတ်ရှိသော ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်း၍ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် စုပေါင်းကာကွယ်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် နိုင်ငံရေးပါတီ အကွဲအပြဲကြောင့် နိုင်ငံတော် အစိတ်စိတ်အမြွှာမြွှာပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရာ တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပြီး အခြေအနေ ပြန်လည်ကောင်းမွန်လာအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့သည်။

တစ်ဖန် ၁၉၆၂ ခုနှစ်တွင်လည်း နယ်ချဲ့အလိုကျ ရေးဆွဲခဲ့ရသည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ပြည်ထောင်စုမှခွဲထွက်ရန် ကြိုးစားလာသောကြောင့် ပြည်ထောင်စုကြီး မပြိုကွဲအောင် တပ်မတော်ကတာဝန်ယူပြီး ကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။

၁၉၈၈ ခုနှစ်တွင် မြေပေါ်၊ မြေအောက်၊ လက်ဝဲ၊ လက်ယာ၊ ပြည်တွင်း၊ ပြည်ပ ပယောဂမျိုးစုံတို့ကြောင့် နိုင်ငံတော်သည် အုပ်ချုပ်ရေး ယန္တရားရပ်ဆိုင်းသွားပြီး တိုင်းပြည်ပျက်ခမန်း ဖြစ်ခဲ့စေသည့် အန္တရာယ် ကျရောက်ခဲ့ပြန်ရာ တပ်မတော်က ထိန်းသိမ်းပြီး နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် ၁၉၈၈ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိရေးတို့အတွက် စိတ်ရင်းစေတနာမွန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ အစဉ်အလာကြီးမားခဲ့သော မျိုးချစ်တပ်မတော်သည် အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူလူထုအကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်ရေးတာဝန်များကို အစဉ်တစိုက် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည်။

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် တည်ဆောက်နေသော အချိန်အခါဖြစ်သည်။

ယင်းသို့ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတော်သစ်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ သို့မှသာ နိုင်ငံတော်၏ ရန်ဆူး ရန်ငြောင့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို တားဆီးကာကွယ် ချေမှုန်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝရကာကွယ်စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်စေတီဆရာတော် သိက္ခာထပ်မွေးနေ့မင်္ဂလာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်း ၁၀မိုင် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏ (၈၃)နှစ်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာ ပူဇော်ပွဲ အခမ်းအနားကို မတ် ၁၈ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့နံနက် ၉နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက် ကြည်ညိုလှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

မော်လမြိုင်မြို့ လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ခွဲမှ (၁၄)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ မော်လမြိုင်မြို့ ပညာရေးကောလိပ် ဓမ္မာရုံတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဦး အမှတ် (၁၄၅) ရာဇာဓိရာဇ်လမ်း မြိုင်သာယာ၊ အတွင်းရေးမှူး ဒေါက်တာဦးသောင်းမြင့် ဖုန်း-၀၅၇-၂၂၈၉၉ နှင့် မော်လမြိုင် ပညာရေးကောလိပ် ကာယဌာနမှ ဆရာဦးမင်းပန်းအေးတို့ထံ ဧပြီ ၁၀ရက် ညနေ ၄နာရီထက် နောက်မကျစေဘဲ ဆက်သွယ်စခန်းဝင်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆို ဂုဏ်ပြုကဗျာ



တို့တပ်မတော်

☆ ပုဂံမြင်စိုင်း
သမိုင်းကာလ
ပြည်ပဖျက်ရန်
ဘေးပေါင်းမှန်ကို
တွန်းလှန်လာကြ
သမိုင်းလှသည့်
ရှေးကပင်ကျော်
တို့တပ်မတော်။

☆ ကုလားဖြူခေါ်
မသူတော်တို့
ကျူးကျော်လာန္တဲ့
နယ်ချဲ့ပွဲ၌
ဓားဆွဲလှံကိုင်
တုံ့ပြန်နိုင်သည့်
မြခိုင်စွာကျော်
တို့တပ်မတော်။

☆ ဖက်ဆစ်အရိုင်း
မြန်ပြည်တိုင်းအား
တစ်ပိုင်းကူညီ
သူပလီဖြင့်
အတည်သိမ်းရန်
တစ်ကိန်းကြံမို့
တော်လှန်တိုက်ဖျက်
အောင်ပွဲဆက်သည့်
ဂုဏ်လက်ကာကျော်
တို့တပ်မတော်။

☆ လွတ်လပ်ရေးကြီး
ရရှိပြီးခိုက်
ပျက်စီးစေရာ
နယ်ချဲ့လာ၍
ဝင်ကာသွေးခွဲ
ဒဏ်ချက်စွဲဖြင့်
ကွဲပြိုအဖုံဖုံ
သွေးချင်းစုံအား
တွေ့ဆုံဖြေရှင်း
ဆွေးနွေးခြင်းဖြင့်
ပြည်တွင်းငြိမ်းချမ်း
လက်ရကမ်းသည့်
ဆောင်ထမ်းရာကျော်
တို့တပ်မတော်။

☆ သက်ပေါင်းကုဋေ
ကျဆုံးပေလင့်
ကိုယ့်မြေချုပ်ခြာ
ကာကွယ်လာသည့်
ဂုဏ်ဝါထင်ပေါ်
တပ်မတော်အား
မြဲသော်ရင်ထဲ
လေးစားကဲ၏
နောင်မြဲတစ်သက်
လက်ကာဝေ
အောင်ပွဲမပျက်
ဆက်ပါစေ။ ။

ဗိုလ်ချုပ်မြေ-မြင့်ဆွေ

ရတနာကုန်သည် ၈၀၄ ဦး ရောက်ရှိ ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပသော ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ခြောက်နိုင်ငံ၊ ကုမ္ပဏီ ၁၄၃ခုမှ ရတနာကုန်သည် ၄၀၃ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၅၉ခုမှ နိုင်ငံသားရတနာကုန်သည် ၄၀၁ဦး စုစုပေါင်း ရတနာကုန်သည် ၈၀၄ဦး ရောက်ရှိနေကြပြီဖြစ်သည်။

အဆိုပါ ရတနာကုန်သည်များသည် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဒုတိယနေ့ ကြည့်ရှုစစ်ဆေးကြရာ ပြပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲဆပ်ကော်မတီ အတွင်းရေးမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

မတ်၁၅ရက်တွင် ပြည်ပမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိကြမည်ဖြစ်ပြီး (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဆက်လက်ကြည့်ရှုကြမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း ပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲတွင် ပထမရရှိသော လက်ရွေးစင် (ခ)အသင်းအား ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဆုကြေးငွေ ကျပ်တစ်သိန်း ချီးမြှင့်စဉ်။

(အား/ကာ)

အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်း ပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပိုက်ကျော်ခြင်း လူရွေးပြိုင်ပွဲ၏ ရှုံးထွက်ပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အားပေး

လူရွေးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

လူရွေးပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် လက်ရွေးစင် (ခ)အသင်းနှင့် ပို့ဆောင်ရေး (က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လက်ရွေးစင် (ခ)အသင်းက ၂၁-၁၅ မှတ်၊ ၂၃-၂၁ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ဒုတိယဆုရရှိသော ပို့ဆောင်ရေး (က)အသင်းအား ဆုကြေးငွေ ကျပ်ငါးသောင်းကိုလည်းကောင်း၊ ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ပထမရရှိသော လက်ရွေးစင် (ခ)အသင်းအား ဆုကြေးငွေ ကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ် ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း ကျန်းမာရေးဦးစီးဌာနနှင့် Total E and P Myanmar တို့ ပူးပေါင်းဆောင်ရွက်သော "Seminar on Prevention & Management of HIV/AIDS for Health Care Provider" သင်တန်းကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စိန့်ပေါလ်ကျောင်းသားဟောင်း ငွေရတုအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီ အစည်းအဝေးကို လစဉ် ဒုတိယပတ် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် အထက(၆) ဗိုလ်တထောင် မြဝတီခန်းမ၌ ကျင်းပလျက်ရှိရာ ၁၉၄၆-၁၉၆၅ ခုနှစ်အထိ ကျောင်းသားဟောင်းများသည် ကျင်းပရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ကန်တော့ခံဆရာကြီးများ၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းနိုင်ကြသည်။ ငွေရတုကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့် ဖုန်း-၂၅၂၁၂၆၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ကျော် ဖုန်း-၂၉၀၄၂၀၊ ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်အုန်း ဖုန်း-၅၀၀၁၇၄၊ ဘဏ္ဍာရေးမှူး ဦးဟန်ညွန့် ဖုန်း-၀၉ ၈၀ ၃၂၄၄၂ နှင့် အမှုဆောင်ဦးဌေးလှိုင် ဖုန်း-၂၄၉၇၃၃၊ ၃၇၈၆၀၁တို့ထံ ဆက်သွယ်နိုင်သည်။

(က-ပ)

မြန်မာ့ဂုဏ်ကို မြှင့်တင်ဖို့ ပိုက်ကျော်ခြင်းကို ကစားကြစို့

ကျော်မျိုးနိုင်

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၏ ၃-၂-၂၀၀၄ ရက်စွဲပါ အမိန့်အရ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌအသစ်အဖြစ် ဦးချစ်ခိုင် (ဒေါင်

လက်ရွေးစင်(ခ) အသင်းမှ အောင်ချိုမြင့်၏ ကန်ခုတ်ချက် ကစားပုံ။

အုပ်စုကုမ္ပဏီ)ကို တာဝန်ပေးအပ်လိုက်ကြောင်း သိရကတည်းက စိတ်ဝင်စားခဲ့သည်။

အချို့သော သုတေသီများက မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက အစပြုခဲ့သည်ဟု ယူဆထားသော ခြင်းလုံးကစားခြင်းကို မြန်မာများ ဗိုလ်မစွဲခဲ့သည်မှာ ကြာချေပြီ။ (၁၉၉၁ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေလေးကြိမ်၊ ငွေ ၁၀ကြိမ်၊ ကြေး ၁၅ကြိမ် ဆုရရှိခဲ့ဖူးသည်။)

ဦးချစ်ခိုင် (ဒေါင်အုပ်စုကုမ္ပဏီ) သည် အောင်မြင်နေသော လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကို အားတက်သရော ဦးဆောင် ကူညီပံ့ပိုးပေးနိုင်မည့်သူ တစ်ဦးအဖြစ် ယုံကြည်သည်။

၂၇-၂-၂၀၀၄ရက် အဖွဲ့ချုပ်အစည်းအဝေးတွင် ဥက္ကဋ္ဌက ကျပ်သိန်း ၁၀၀ စတင် မ,တည် ထည့်ဝင်ခဲ့သည်။ ထို့နောက် ပိုက်ကျော်ခြင်းအားကစားရုံ ပြင်ဆင်ရေး၊ ပတ်ဝန်းကျင် သာယာ စိမ်းလန်းစိုပြည်ရေး၊ အားကစားသမားများ၏ အိပ်ဆောင်များ ဆောက်လုပ်ရေး၊ နှစ်လတစ်ကြိမ် ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပရေး၊ ထိုပြိုင်ပွဲမှ Sea Games အတွက် အမျိုးသား အားကစားသမားများနှင့် အမျိုးသမီး အားကစားသမားများ ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ကြောင့်လည်း ၁၄-၃-၂၀၀၄ ရက်တွင် ဆောင်းပါးရှင် ပိုက်ကျော်ခြင်း အားကစားရုံသို့ မွန်းလွဲ ၂နာရီတွင် ရောက်သွားခဲ့သည်။ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်တကွ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များကို စုံညီစွာ၊ တက်ကြွစွာ တွေ့ခဲ့ရပြီး လက်ရွေးစင်(ခ)အသင်းနှင့် ပို့ဆောင်ရေး (က)အသင်းတို့ ယှဉ်ပြိုင်ကစားသည်ကို ကြည့်ခဲ့ရသည်။ ဥက္ကဋ္ဌ ဦးချစ်ခိုင်က မိမိအသင်းအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံ ရရေး နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊

ရှေ့တန်း ဝဲမှယာ ဦးတင်မောင်ဝင်း၊ ဦးချစ်ခိုင်(ဥက္ကဋ္ဌ)၊ ဦးညဏ်ထွန်း(ဒုတိယဥက္ကဋ္ဌ)၊ နောက်တန်း ဝဲမှယာ သိန်းဦး၊ သိန်းဇော်မင်း၊ မြတ်သီဟထူး၊ ဥက္ကာစိုး၊ ရာဇာထွန်း၊ အောင်ချိုမြင့်။

မိမိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက် ထိုင်းနိုင်ငံသို့ သွားရောက်ပြီး ၂-၃-၂၀၀၄ရက်တွင် ဗန်ကောက်၌ ထိုင်းနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယား ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌတို့ကို တွေ့ဆုံပြီး ပူးတွဲလေ့ကျင့်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်ဟု ပြောပြခဲ့သည်။ အပြန်တွင် ဗန်ကောက်မှ နိုင်ငံတကာစံညွှန်းနှင့် ညီသော ခြင်းလုံး ၂၂၀၀ နှင့် ပိုက် ၂၀၀ တို့ကို ဝယ်ယူခဲ့ကြောင်း၊ ၎င်းတို့အား ကျောင်းများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းများသို့ ဖြန့်ဖြူးပေး၍ ပိုက်ကျော်ခြင်း အားကစားနည်းကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားပါးတရ ပြောကြားခဲ့သည်။

ဆောင်းပါးရှင်လည်း တက်ကြွသော မျှော်လင့်ချက်များဖြင့် ပြည့်လျှမ်းနေကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ပေါ့ပါး၊ သွက်လက်၊ ဖျတ်လတ်၊ သန်မာ၊ ကြံ့ခိုင်သော ပိုက်ကျော်ခြင်း လက်ရွေးစင် အားကစားသမားများ၏ မျက်နှာများကို ကြည့်ပြီး "ပိုက်ကျော်ခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်ဖို့အရေး မဝေးလှတော့" ဟု ယုံကြည်မိပါတော့သည်။ ။

ပို့ဆောင်ရေး(က) အသင်းမှ မြတ်သီဟထူး၏ တိုက်စစ် ကစားဟန်။

ဘုရှ်ကိုမလိုလားသည့် အာရပ်နွယ်ဖွား အမေရိကန်နိုင်ငံသားဦးရေ များပြားနေ

ဝါရှင်တန် မတ် ၁၃

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် အလွန်အရေးပါသည့် ပြည်နယ်ကြီးလေးခုတွင် အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ ဘုရှ်အပေါ် အလွန်အမင်း မကျေမနပ်ဖြစ်နေသည့် အာရပ်နွယ်ဖွားအမေရိကန် နိုင်ငံသားဦးရေ များပြားနေပြီး ဘုရှ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရရေးအပေါ် ထောက်ခံမှုများလည်း အနိမ့်ဆုံးသို့ ကျဆင်းနေကြောင်း လူထုသဘောထား ဆန်းစစ်မှုကိန်းဂဏန်းများအရ ဖော်ပြနေသည်။

အဆိုပါပြည်နယ်များမှာ မီချီဂန်၊ ဖလော်ရီဒါ၊ အိုဟိုင်းယိုးနှင့် ပင်ဆယ်လ်ဗေးနီးယားတို့ဖြစ်ပြီး ယင်းပြည်နယ်များသည် ၂၀၀၀ပြည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်သမ္မတလောင်း အယ်လ်ဂိုးအပေါ် အနိုင်ရခဲ့သည့် ရီပတ်ဘလီကန်ကိုယ်စားပြု ဘုရှ်အပေါ် အကြီးအကျယ်ထောက်ခံခဲ့ကြသည်။

မဲငါးသိန်းကျော်

ဝါရှင်တန်အခြေစိုက် အာရပ်-အမေရိကန်အင်စတီကျုမှ ဂျိမ်းဇော့(ဂ်)ဘီက လူနေမှုအဖွဲ့အစည်း၏ မဲဆန္ဒသဘောထားများအနေဖြင့် ဘုရှ်ပြန်လည်ရွေးချယ်ခံရရေးကိစ္စကို မလိုလားကြောင်း ညွှန်ပြနေသည်ဟု ပြောကြားလိုက်သည်။

ဇော့(ဂ်)ဘီသည် မဲပေးနိုင်မှုဆိုင်ရာကို လေ့လာမည့်အဖွဲ့တွင် ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခံရသူဖြစ်သည်။

ပြောင်းပြန်ဖြစ်

အထက်ပါ ပြည်နယ်လေးခုသည် အာရပ်နွယ်ဖွားအမေရိကန်နိုင်ငံသားများ နေထိုင်ရာ ပြည်နယ် ၁၀ ခုအတွင်း ပါဝင်နေပြီး မဲဆန္ဒရှင်ပေါင်း ၅၁၀၀၀၀ ခန့်အား ကိုယ်စားပြုနေသည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်း အာရပ်နွယ်ဖွားလူနေမှုအဖွဲ့အစည်း လျင်မြန်စွာ တိုးတက်ကြီးထွားလာခဲ့သည့် ပြည်နယ်များလည်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲအတွင်းက အဆိုပါ ပြည်နယ်များမှ ဘုရှ်အပေါ် ၄၆ ရာခိုင်နှုန်း မဲပေးခဲ့ပြီးဂိုးအနေဖြင့် ၂၆ ရာခိုင်နှုန်းသာရခဲ့သည်။ ယခုနှစ်အတွင်း လက်ရှိအခြေအနေတွင် ဘုရှ်အား ကြိုက်နှစ်သက်မှု ၂၇ ရာခိုင်နှုန်းသာရှိနေပြီး ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီအပေါ် ထောက်ခံမှု ၄၃ ရာခိုင်နှုန်းရှိနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

(ပျက်စီး)

မတ် ၁၃ရက် နံနက် အရုဏ်မတက်မီအချိန်က ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့ရသည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်တို့၏ အီရတ်ဆိုင်ရာ ထောက်လှမ်းရေးအစီရင်ခံစာ ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ခံရဖွယ်ရှိ

ဝါရှင်တန် မတ် ၁၃

အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ အီရတ်စစ်ပွဲ မဖြစ်ပွားမီကအကြောင်းနှင့် ပတ်သက်သည့် အစီရင်ခံစာသည် ထောက်ခံမှုရရှိမည် မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ပြစ်တင်ဝေဖန်ခံရမည်ဖြစ်ကြောင်း ဝါရှင့် ရီပတ်ဘလီကန် အထက်လွှတ်တော် အမတ်တစ်ဦးက သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ပြစ်တင်ဝေဖန်

အမေရိကန် အထက်လွှတ်တော် ရီပတ်ဘလီကန် ခေါင်းဆောင်များထဲတွင် တတိယအဆင့်ရှိသော အထက်လွှတ်တော်အမတ် ယွန်ကိုင်းလ်က အဆိုပါ အစီရင်ခံစာကြောင့် အချို့သော ထောက်လှမ်းရေးအရာရှိများ ပြစ်တင်ဝေဖန် ခံရမှုဖြစ်နိုင်ကြောင်း၊ ယင်း အစီရင်ခံစာသည် အလွန်အရေးပါပြီး အတိမ်းအစောင်းမခံသည့် အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အစီရင်ခံစာကို လာမည့် ဧပြီလအတွင်း ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ထားကြသည်။ မက်ဆာချူးဆက်ပြည်နယ် ဒီမိုကရက်ပါတီ အထက်လွှတ်တော်အမတ် အက်ဒွပ်ကနေဒီကလည်း သမ္မတဘုရှ်သည် နိုင်ငံရေး အမြတ်ထုတ်ရန် အီရတ်၏ ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ ချဲ့ကားပြောဆိုခဲ့ကြောင်း လွန်ခဲ့သော သီတင်းပတ်အတွင်းက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဖမ်းဆီး

မတ် ၁၂ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့အနီးတွင် သင်္ကာမကင်းသူ အီရတ်တစ်ဦးကို အမေရိကန် တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ တီကရစ်မြို့၌လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိ

တီကရစ် မတ် ၁၃

အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိဖြစ်သည့် တီကရစ်မြို့တွင် စနေနေ့ နံနက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် တီကရစ်မြို့လယ်တွင် ကင်းလှည့်စဉ် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု အမေရိကန်ကြည်းတပ်မှ ဗိုလ်ကြီး တမ်ခရိုဝဲလ်က ပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လက်နက်ငယ်များဖြင့် ပစ်ခတ်သံများ ကြားရသည်။

ယင်းသို့ ပစ်ခတ်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရရှိသည်ဟု ကနဦးသတင်းများအရ သိရသည်။ သို့ရာတွင် ဒဏ်ရာရသူများအနက်မှ နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က နောက်ပိုင်းတွင် ပြောကြားသည်။ အခြားဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးကို တီကရစ်မြို့မြောက်ပိုင်းရှိ စစ်ဆေးရုံသို့ ခေါ်ဆောင်သွားသည်။

မသိရှိရသေး

ဒဏ်ရာရသူများ၏ အခြေအနေကို ချက်ချင်း မသိရှိရသေးပေ။

အဆိုပါ တပ်ဖွဲ့ဝင်များသည် အမေရိကန် အမှတ်(၁) ခြေလျင်တပ်မမှ ဖြစ်သည်။

ယင်းတပ်မသည် တီကရစ် မြို့ဒေသတွင် စနေနေ့က လုံခြုံရေးစောင့်ကြပ်နေခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်ရှိ ကန်တပ်ဖွဲ့ဝင်များ ရာဇဝတ်မှု ကျူးလွန်နေ

ဘဂ္ဂဒက် မတ် ၁၃

အမေရိကန် ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန အိုးပင်းဖိုရမ် အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိကြရာ ဂျာမနီနိုင်ငံမှ သုံးသပ်သူတစ်ဦး ရေးသားပေးပို့လိုက်သည်မှာ အီရတ်နိုင်ငံတွင်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရာဇဝတ်မှု ကျူးလွန်နေပုံများကို ဂျာမနီရုပ်မြင်သံကြား သတင်းထုတ်လွှင့်ရာတွင် တွေ့မြင်လိုက်ရသည်။

ပစ်ခတ်

အီရတ်နိုင်ငံတွင် လမ်းမများပေါ်၌ လမ်းလျှောက်နေကြသည့် အရပ်သားများကို အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်နှင့်ပစ်ခတ်ခဲ့ကြောင်း၊ သုံးဦးမှာ သေနတ်ထိမှန် သေဆုံးသွားပြီး ဒဏ်ရာရသွားသူတစ်ဦးကိုလည်း အမေရိကန်တို့က ထပ်မံပစ်ခတ်ခဲ့ကြောင်း ဖြင့် ရေးသားဖော်ပြထားသည်။

စီအင်န်အင်န်။

ကန်ပြည်သူ ၅၇ရာခိုင်နှုန်း သမ္မတသစ် လိုလား

ဝါရှင်တန် မတ် ၁၂

အမေရိကန်စီးပွားရေးနှင့် အီရတ်နိုင်ငံအရေးနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ် အပေါ် ထောက်ခံမှုမှာ အနိမ့်ဆုံးသို့ ကျဆင်းနေရာ အမေရိကန်ပြည်သူ အများစုက ဘုရှ်ချမှတ်ကျင့်သုံးခဲ့သည့် လမ်းကြောင်းမှ သွေဖည်၍ အမေရိကန်ပြည်ထောင်စုကို ဦးဆောင်ရန် နောက်ထပ် အမေရိကန်သမ္မတသစ်တစ်ဦး အလိုရှိနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာနှင့်အေဘီစီသတင်းဌာနတို့က အင်္ဂါနေ့တွင် ပူးတွဲထုတ်ပြန်သည့် လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုတစ်ဝန်း အရွယ်ရောက်ပြီးသူ ၁၂၀၂ ဦး၏ ဆန္ဒကိုကောက်ယူကြည့်ရာတွင် ၅၇ ရာခိုင်နှုန်းက ဘုရှ် ချမှတ်ကျင့်သုံးခဲ့သည့် လမ်းကြောင်းမှ သွေဖည်၍ အမေရိကန်ကိုဦးဆောင်မည့် သမ္မတသစ်ကို လိုလားကြောင်း ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

မဒါဂါစကာတွင် ဆိုင်ကလုန်းမုန်တိုင်းမွှေ အနည်းဆုံးလူ ၅၈ ဦး သေဆုံးခဲ့

အင်တာနာနာရီဗို မတ် ၁၃

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သွားသည့်အတွက် မဒါဂါစကာနိုင်ငံတွင် အနည်းဆုံး လူပေါင်း ၅၈ဦး အသက်ဆုံးရှုံးသွားပြီး လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ ဒုက္ခရောက်နေသူများကို အကူအညီပေးရန် ကယ်ဆယ်ရေးဝန်ထမ်းများသည် အရေးပေါ်ပစ္စည်းများနှင့်အတူ မုန်တိုင်းသင့်ရာဒေသသို့ သောကြာနေ့က ထွက်ခွာသွားကြသည်။

အစိုးရအသံလွှင့်ဌာန၏ ထုတ်ပြန်ကြေညာချက်အရ လူ ၁၆၇ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ပျောက်ဆုံးနေသူများထဲတွင် ကူတို့သင်္ဘောမှောက်ရာ၌ ပါသွားသူ ခရီးသည် ၁၁၃ဦးတို့၏ စာရင်းလည်း ပါဝင်သည်ဟုဆိုသည်။

အင်တာနက်။

စောင့်ဆိုင်း

မတ် ၁၂ ရက်က ဘဂ္ဂဒက်မြို့၌ လုံခြုံရေးစစ်ဆေးမှုခံယူရန် စောင့်ဆိုင်းနေသည့် အီရတ်မိသားစုတစ်စုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် ရေနံစိမ်းတင်ပို့မှု လျာထားချက်ထက် လျော့နည်း

ဘဂ္ဂဒက် မတ် ၁၃

အီရတ်နိုင်ငံက ဖေဖော်ဝါရီလတွင် ပြည်ပသို့ တင်ပို့သည့် ရေနံစိမ်းပမာဏမှာ ပျမ်းမျှအားဖြင့် နေ့စဉ် ပီပါ ၁ဒသမ ၃၈၂သန်းဖြစ်ပြီး လျာထားသတ်မှတ်ထားသည့် နေ့စဉ် ပမာဏ ၁ဒသမ ၇သန်းအောက် လျော့ကျခဲ့ကြောင်းဖြင့် ရေနံဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပါရှင်ပင်လယ်ကွေ့ရှိ ဘာဆရာ ရေနံသိုလှောင်ရေးစခန်းကို ရက်သတ္တတစ်ပတ်ကြာမျှ ရာသီဥတုမကောင်းမှုကြောင့် ပိတ်ထားလိုက်ရပြီး သင်္ဘောတင်ပို့မှုများ နှောင့်နှေးခဲ့ရမှုကြောင့် ပြည်ပ ရေနံတင်ပို့မှုပမာဏကို မျှော်မှန်းချက်အတိုင်း မဖြည့်ဆည်းနိုင်ကြောင်း အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ဘာဆရာ ရေနံသိုလှောင်ရေးစခန်းသည် ပြည်ပသို့ ရေနံပို့ဆောင်နေသည့် ထွက်ပေါက်တစ်ခုဖြစ်သည်။

မတ်လအတွင်း အီရတ်နိုင်ငံတောင်ပိုင်းဒေသမှ ပြည်ပသို့ ရေနံနေ့စဉ် ပီပါ ၁ ဒသမ ၇ သန်း တင်ပို့နိုင်ရေးအတွက် ယခုအခါ စီစဉ်လျက်ရှိပြီး ပြည်ပသို့ တင်ပို့နေပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီလ ရေနံထုတ်လုပ်မှုပမာဏသည် နေ့စဉ် ပီပါ ၂ဒသမ ၃သန်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စုစုပေါင်း ထုတ်လုပ်မည့် ရေနံထုတ်လုပ်မှုပမာဏသည် တောင်ပိုင်းရေနံမြေများမှ နေ့စဉ်ရေနံပီပါ ၁ဒသမ ၈၄သန်းနှင့် မြောက်ပိုင်းဒေသမှ နေ့စဉ် ရေနံပီပါ ၄၃၀၀၀၀ ဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ အီရတ်ရေနံချက်စက်ရုံများက ဖေဖော်ဝါရီလတွင် ဓာတ်ဆီလီတာ ၁၀ သန်း၊ ရေနံဆီ လီတာ ခုနစ်သန်းနှင့် ဓာတ်ငွေ့ရည် လီတာ ၁၁ဒသမ၅သန်း ထုတ်လုပ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။ သို့ရာတွင် ယင်းပမာဏသည် အီရတ်နိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမရှိဟု ဆိုသည်။

အင်တာနက်။

မတ် ၁၂ရက်က ဘဂ္ဂဒက်မြို့တွင်း ကားမောင်းသူများကို အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူနီးရှား၌ ကျင်းပမည့် အာရပ် ထိပ်သီးအစည်းအဝေး အီရတ် တက်မည်

ဘဂ္ဂဒက် မတ် ၁၂

လာမည့်လတွင် တူနီးရှားနိုင်ငံ၌ ကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားလာသည့်ကိစ္စကို အီရတ်နိုင်ငံက လက်ခံလိုက်ပြီဖြစ်ကြောင်း အယ်ဆာဘာသတင်းစာက ဖော်ပြသည်။

တူနီးရှားနိုင်ငံ အာရပ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို တူနီးရှားသမ္မတ ဇီနီ အယ်အာဘာဒင်ဘင်အနီက အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ မိုဟာမက်ဘာအလ်အူလွမ်ထံသို့ ပေးပို့ခဲ့သည်။ ထိုဖိတ်စာကို တူနီးရှားနိုင်ငံ လူငယ်ရေးရာနှင့် အားကစားဝန်ကြီး အလီအမ်ကာဘီက သယ်ဆောင်လာပြီး ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီရတ် အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အယ်အူလွမ်က တူနီးရှားဝန်ကြီး အလီအလ်ကာဘီ လာရောက် လည်ပတ်သည်ကို ကြိုဆိုခဲ့ပြီး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားချက်ကိုလည်း လက်ခံလိုက်သည်။

တက်ရောက်မည်

ထို့အပြင် လာမည့် မတ် ၂၉ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ အီရတ်နိုင်ငံပါဝင်တက်ရောက်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားလိုက်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရပ်ကမ္ဘာအနာဂတ် ကောင်းစားရေး ငြိမ်းချမ်းရေးပေါ်မူတည်

ကိုင်ရို မတ် ၁၃

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးရရှိခြင်းသည် အာရပ်နိုင်ငံများ၏ အနာဂတ်ကောင်းမွန်ရေး အတွက် အခြေခံဖြစ်ကြောင်း အီဂျစ်သမ္မတ ဟိုစနီမူဘာရက်က သောကြာနေ့တွင် အလေးအနက် ပြောကြားလိုက်သည်။

အဆိုပါ ပြောကြားချက်သည် မြေထဲပင်လယ်အတွင်းရှိ အလက်ဇန်ဒရီးယားမြို့တွင် ကျင်းပသော "အာရပ်ပြုပြင်ပြောင်းလဲရေးအမြင်နှင့်အကောင်အထည်ဖော်မှု"ဟုအမည်ပေးထားသော တွေ့ဆုံဆွေးနွေးပွဲ တစ်ခု၌ ၎င်းပြောကြားသော မိန့်ခွန်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယှဉ်ပြိုင်

မတ် ၁၂ ရက်က ၂၀၀၄ ခုနှစ် အယ်ပီဂျီအေ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ကစားသမားတစ်ဦး ယှဉ်ပြိုင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ပြည်သူများ စီးပွားရေးကျပ်တည်း မိသားစု ၇၃ စုလျှင် တစ်စုကျ လူမွဲခံယူရန် လျှောက်ထားနေကြရ

ဝါရှင်တန် မတ် ၁၃

အမေရိကန်ပြည်ထောင်စုတွင် ဘဏ်တိုးနှုန်းများကို မြင့်တင်ခြင်းမပြုလုပ်ဘဲ နှိမ့်ချထားသည်။ ထိုသို့ ဘဏ်တိုးနှုန်းများ နှိမ့်နေသည့်ကြားမှပင် လူမွဲအဖြစ်ခံယူရန် လျှောက်လွှာတင်သူအရေအတွက်မှာ သိသိသာသာမြင့်တက်လာသည်။ တစ်နိုင်ငံလုံးတွင် မိသားစု ၇၃စုရှိတိုင်း မိသားစုတစ်စုက လူမွဲအဖြစ်လျှောက်ထားသည်ကို တွေ့ရသည်ဟု အမေရိကန် လူမွဲခံယူသူများ လေ့လာရေးအဖွဲ့အစည်း(အေဘီအိုင်)က ပြောကြားသည်။

အေဘီအိုင်၏ လေ့လာချက်အရ ဥတာပြည်နယ်သည် လူမွဲခံယူမှုနှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရသည်။ မိသားစု ၄၇စုလျှင် တစ်အိမ်ထောင်နှုန်း လူမွဲခံသည်။ တင်နက်ဆီပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်နှင့် နီဗားဒါးပြည်နယ်များသည် လူမွဲခံမှုနှုန်းတွင် ဥတာပြည်နယ်၏ နှုန်းနောက်မှ ကပ်လျက်လိုက်ကြသည်။ အလာစကာပြည်နယ်သည် လူမွဲခံမှုနှုန်း အနည်းဆုံးပြည်နယ်ဖြစ်၏။ အိမ်ထောင်စု ၁၈၉အိမ်ထောင်စုလျှင် တစ်စုသာလူမွဲခံသည်ကို တွေ့ရသည်။

ဘဏ်တိုးနှုန်းများ နှိမ့်ချပေးထားသော်လည်း အမေရိကန်မိသားစုများသည် ၎င်းတို့၏ လစဉ်အသုံးလိုအပ်ချက်များကို အလျဉ်မီအောင် မနည်းကြိုးပမ်းနေကြရသည့် အခြေအနေရှိသည်ဟု အေဘီအိုင်၏ လေ့လာချက်အရ သိရကြောင်း ထိုအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး ဂါဒါနိုက ပြောကြားသည်။

စီးပွားတက်လာမည်

အမေရိကန်စီးပွားရေး သွက်လက်လာစေရန် တစ်ဖက်တွင်လည်း စားသုံးသူပြည်သူလူထု၏ သုံးစွဲနှုန်းတက်လာရန် လိုအပ်သည်။ လူထုသုံးစွဲအားတက်လာမှ ကုန်အနုတ်အသိမ်းများလာပြီး စီးပွားရေးတက်လာမည်ဖြစ်ပေသည်ဟု ဂါဒါနိုက ဆိုသည်။

ယခင်နှစ်အကုန်တွင် အမေရိကန်မိသားစုများတွင် ပေးရန်ရှိနေသော စုစုပေါင်း ကြွေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ ထရီလျံရှိသည်။ တစ်ထရီလျံသည် တစ်ဂဏန်းနောက်မှ သုည ၁၂လုံးလိုက်သော ကိန်းဖြစ်သည်။ ကြွေးငွေပမာဏ တက်လာသောနှုန်းမှာ နှစ်ကုန်ပိုင်းသို့ ရောက်သောအခါ တဖြည်းဖြည်း လျော့ကျသွားသည်ကို တွေ့ရကြောင်း ဗဟိုဘဏ်၏ စာရင်းအင်းများအရ သိရသည်။

စားသုံးသူများသည် အကြွေးများလာသောကြောင့် သုံးစွဲနှုန်းကို ဖြတ်တောက်လျှော့ချလာကြလျှင် စီးပွားရေးတိုးတက်မှုကိုပါ သွား၍ထိခိုက်လာမည်ကို အချို့သော စီးပွားရေးပညာရှင်များက ပူပင်နေကြသည်ဟု ဆိုသည်။

မည်သို့ဆိုစေကာမူ အမေရိကန်တွင် လူမွဲခံမှုနှုန်းသည် စံချိန်တင်လောက်အောင် မြင့်မားသော အခြေအနေသို့ ရောက်လျက်ရှိသည်။

လွန်ခဲ့သောနှစ်တွင် တစ်နိုင်ငံလုံး၌ လူမွဲလျှောက်ထားမှုပေါင်း ၁၆၆၀၂၄၅ ရှိကြောင်း အမေရိကန်တရားရုံးများ အုပ်ချုပ်ရေးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်တွင် အသေအပျောက်အများဆုံး တိုက်ခိုက်မှုများ ဖြစ်ပေါ်ဆဲ

မဟာအင်အားလွန်နိုင်ငံ တစ်နိုင်ငံတည်းက ကမ္ဘာကြီးကို တစ်နိုင်ငံတည်းလွှမ်းမိုးသော ဧကအင်အားဝါဒကျင့်သုံးလိုက်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ကသောင်းကနင်းဖြစ်မှု၊ နိုင်ငံရေးမင်းမဲ့စရိုက်များကြီးထွားလာမှု၊ အနာဂတ်အရေး မသေချာ မရေရာမှုများဖြစ်ပေါ်လာတော့သည်။ အင်အားဖြင့် တစ်ဖက်နိုင်ငံအပေါ် လွှမ်းမိုးသော နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ၎င်းတို့အလိုကျ အပြောင်းအလဲဖြစ်ပေါ်လာအောင် အတင်းအကျပ်ပြုမူနေသမျှ ကမ္ဘာ့ပြည်သူများ၏ဘဝ သာယာဝပြောမှုရှိမည်မဟုတ်သည့်အပြင် ငြိမ်းချမ်းရေးလည်းဖြစ်ထွန်းမည်မဟုတ်ပေ။ အထူးသဖြင့်မိမိနိုင်ငံကိုမိမိ ကာကွယ်နိုင်သော အင်အားခိုင်မာတောင့်တင်းသည့် တပ်မတော် မရှိပါက ဗိုလ်ကျလွှမ်းမိုးသည့် လုပ်ရပ်များကို ခံစားနေကြရမည်သာဖြစ်သည်။

အီရတ်စစ်ပွဲ မှတ်တမ်းများ

ဖေဖော်ဝါရီ ၂၁ ရက်က အီရတ်နိုင်ငံ ဟာဆဝါဒေသတွင် ချုံခိုတိုက်ခိုက်ခံရပြီးနောက် ပျက်စီးသွားသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၃ ရက်က ကယ်ကွတ်မြို့တွင် ကားဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံအတွင်းမှ အသေအပျောက်အများဆုံး တိုက်ခိုက်မှုများ

ရက်စွဲ	နေရာ	ဖြစ်စဉ်	ဒဏ်ရာရမှု
၉–၁၀–၂၀၀၃	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၉
၂၇–၁၀–၂၀၀၃	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၄၀
၁၂–၁၁–၂၀၀၃	နာဆရီးယား	ဗုံးခွဲတိုက်ခိုက်မှု	၃၀
၂၀–၁၁–၂၀၀၃	ကယ်ကွတ်	ဗုံးခွဲတိုက်ခိုက်မှု	၅
၂၂–၁၁–၂၀၀၃	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၁၂
၁၄–၁၁–၂၀၀၃	ခါလ်ဒီရာ	ဗုံးခွဲတိုက်ခိုက်မှု	၁၇
၃၁–၁၁–၂၀၀၃	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၈
၁၇–၁–၂၀၀၄	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၅
၁၈–၁–၂၀၀၄	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၃၁
၃၁–၁–၂၀၀၄	မိုဆူးလ်	ဗုံးခွဲတိုက်ခိုက်မှု	၉
၁–၂–၂၀၀၄	အိုင်ဘယ်လ်	ဗုံးခွဲတိုက်ခိုက်မှု	၁၀၉
၁၀–၂–၂၀၀၄	အက်စကန်ဒရီးယား	ဗုံးခွဲတိုက်ခိုက်မှု	၅၃
၁၁–၂–၂၀၀၄	ဘဂ္ဂဒက်	ဗုံးခွဲတိုက်ခိုက်မှု	၄၇
၁၈–၂–၂၀၀၄	ဟီလာ	ဗုံးခွဲတိုက်ခိုက်မှု	၁၀
၂၃–၂–၂၀၀၄	ကယ်ကွတ်	ဗုံးခွဲတိုက်ခိုက်မှု	၈
၂–၃–၂၀၀၄	ကဘာလာ	ဗုံးခွဲတိုက်ခိုက်မှု	၁၄၃

ဖေဖော်ဝါရီ၁၅ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

ဖေဖော်ဝါရီ ၂၄ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့ အဆောက်အအုံ တစ်ခုရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ၂၃ ရက်က ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်



ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ဦးစားပေးအဆင့်မြှင့်တင် ဖောက်လုပ်ခဲ့သည့် လွိုင်လင်–လဲချား–မိုင်းကိုင်–ပန်ကေတု–တုန်လော–သီပေါ ကားလမ်းပြမြေပုံ။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (တောင် ပိုင်း) ဆက် သွယ်သည့် ကားလမ်း ဖောက်လုပ်ရေး လုပ်ငန်း၌ တပ်မတော် သားများ ကျောက်ခင်း လုပ်အား ပေး နေကြစဉ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် ဦးစားပေးအဆင့်မြှင့်တင် ဖောက်လုပ်ခဲ့ရာတွင် ၅၃မိုင် ၂ဖာလုံအရှည် သီပေါ–နမ့်လန်–တုန်လောလမ်းပိုင်း မြေသားတိုးချဲ့လုပ်ငန်း၌ တပ်မတော်သားများ ပါဝင် လုပ်အားပေးဆောင်ရွက်နေကြစဉ်။

တပ်မတော်သားများ၏ လုပ်အားဖြင့် အထူးဖွံ့ဖြိုးရေးမဟာဗျူဟာလမ်းများ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်	
မိုင်းရယ်–နမ့်လောင်း	၂၄ မိုင်
သီပေါ–နမ့်လန်–တုန်လော	၅၃ မိုင် ၂ဖာလုံ
တန့်ယန်း–မိုင်းကောင်–မိုင်းရှူး	၅၅ မိုင်
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်	
လွိုင်လင်–လဲချား–မိုင်းကိုင်–ပန်ကေတု–တုန်လော	၁၀၂ မိုင်
လဲချား–မိုင်းနောင်	၄၆ မိုင်
မိုင်းနောင်–ကျေးသီး–ပန်ကေတု	၅၂ မိုင်
ခိုလန်–ဝမ်ဆင်း–မိုင်းနောင်–ပါချီး(ဖခီး)–မိုင်းရှူး	၇၇ မိုင်
ပါချီး(ဖခီး)–ဝမ်ဟိုင်း–ကျိုင်းလွန်း–နမ့်လောင်း	၂၇ မိုင်
ကျေးသီး–နမ့်ပုတ်	၁၆ မိုင်



15-3)KM.P65 7 3/15/04, 1:35 AM

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

၁၉၆၀ပြည့်နှစ် ဧပြီလ၄ရက်နေ့တွင် အိမ်စောင့်အစိုးရက ရွေးကောက်ပွဲတွင် အနိုင်ရရှိသော သန့်ရှင်းဖဆပလအဖွဲ့သို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်လိုက်သည်။ အိမ်စောင့်အစိုးရအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်သည်။ သန့်ရှင်းဖဆပလသည်လည်း ပထစ(ပြည်ထောင်စုပါတီ)ဟူ၍ အမည်ပြောင်းလိုက်ခြင်းဖြင့် ပထစအစိုးရဖြစ်လာခဲ့သည်။

ပထစအဖွဲ့အတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင် ပါဝင် တိုက်ခိုက်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်များက "ဗိုလ်"အုပ်စုဟူ၍လည်းကောင်း၊ တက္ကသိုလ်ဘွဲ့ရ အစိုးရအရာရှိဟောင်းများ၊ ရှေ့နေများက "ဦး"အုပ်စု ဟူ၍လည်းကောင်း၊ နိုင်ငံရေးအရ သခင်ဘွဲ့ခံယူပြီး နိုင်ငံရေးလုပ်လာခဲ့သူများက "သခင်"အုပ်စု ဟူ၍လည်းကောင်း အုပ်စုသုံးအုပ်စုဖြစ်လာခဲ့ပြီး အုပ်စုတိုက်ပွဲများ ဖြစ်ပေါ်လာခဲ့ရာ နောက်ဆုံးတွင် "ဦး" အုပ်စုနှင့် "ဗိုလ်"အုပ်စုတို့က ပူးပေါင်းပြီး "ဦးဗိုလ်"အုပ်စုဖြစ်လာခဲ့သည်။ သခင်အုပ်စုနှင့် ဦးဗိုလ်အုပ်စုအဖြစ် ပထစအဖွဲ့အတွင်း ပဋိပက္ခ ကြီးမားစွာဖြစ်ပေါ်ခဲ့သည်။

ပထစအစိုးရကို ရဟန်းရှင်လူပြည်သူတို့၏ ယုံကြည်ကိုးစားမှု၊ ထောက်ခံမှုများ ကျဆင်းလာခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ပထစအစိုးရ၏ အားနည်းချက်ကို အခွင့်ကောင်းယူလာသော ဗကပတို့ကလည်း နိုင်ငံရေး၊ စစ်ရေးအရ တောင်းဆိုချက်များကို တိုးမြှင့်လာပြီး တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့သည်။ ပထစအစိုးရက ဗကပတို့အား ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် သူမနာကိုယ်မနာ သင်ပုန်းချေလမ်းစဉ်ဖြင့် ကြိုးပမ်း ခဲ့သော်လည်း ဗကပတို့က လက်မခံသဖြင့် ပထစအစိုးရသည် နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းများ ရင်ဆိုင်လာရသည်။

ဤသို့လျှင် နိုင်ငံနှင့်အဝန်း၊ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် ယိမ်းယိုင်လာခြင်း၊ ပြည်တွင်းသောင်းကျန်းမှုများ ပိုမိုကြီးထွားလာခြင်း၊ ထို့ပြင် ပြည်ထောင်စုကြီးကို ဖြိုခွဲရန် ကြိုးပမ်းလာခြင်းတို့သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးမည့် အခြေအနေများ ဖြစ်ပေါ်လာသဖြင့် တပ်မတော်သည် အမျိုးသားရေးတာဝန်အရ ၁၉၆၂ ခုနှစ် မတ်လ ၂ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ယင်းနောက်တပ်မတော်သည် နိုင်ငံတော်၏ မူလ လွတ်လပ်ရေး ကြေညာစာတမ်းပါ ဦးတည်ချက်ဖြစ်သော ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖွဲ့စည်းပြီး နိုင်ငံရေး၊ စည်းရုံးရေးအရ နိုင်ငံတော်၏ အနာဂတ်အတွက် ပြင်ဆင်ကြိုးပမ်းခဲ့သည်။ တစ်ဖက်တွင် မြေပေါ်နိုင်ငံရေးပါတီများနှင့်တွေ့ဆုံညှိနှိုင်း၍လည်းကောင်း၊ တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပ၍လည်းကောင်း တစ်မျိုးသားလုံး၏ ညီညွတ်ရေးဖြင့် နိုင်ငံတည်ဆောက်ရန် ကြိုးပမ်းခဲ့သော်လည်း မြေပေါ်နိုင်ငံရေးပါတီများသည်လည်းကောင်း၊ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် လည်းကောင်း၊ ယင်းတို့၏ ပါတီအကျိုးစီးပွားနှင့် နိုင်ငံတော်အာဏာရယူရေးကိုသာ ရှေ့တန်းတင်လာသဖြင့် နောက်ဆုံးတွင် ၁၉၆၄ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှလွဲ၍ အခြားနိုင်ငံရေးပါတီများကို ဖျက်သိမ်းပြီး တစ်ပါတီစနစ်ကို ချမှတ်ကျင့်သုံးခဲ့သည်။

အလားတူစွာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း စစ်ရေးအရ စစ်ဆင်ရေးကြီးများဖြင့် နှိမ်နင်းတိုက်ခိုက်ခဲ့ရသည်။ တပ်မတော် သည် ပြည်တွင်းသောင်းကျန်းမှုများကို နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးအရ ပြည်သူတို့နှင့်ပူးပေါင်း နှိမ်နင်းချေမှုန်းခဲ့သည်။ ပြည်သူ့စစ်များကို မြို့နယ်၊ ကျေးရွာအလိုက် ဖွဲ့စည်းပြီး မြို့နယ်နှင့်ကျေးရွာများ တည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်စေခဲ့သည်။

ယင်းအခြေအနေများတွင် သခင်သန်းထွန်းခေါင်းဆောင်သော ဗကပများသည် ၁၉၆၄ခုနှစ်မှစ၍ ပဲခူးရိုးမကို အခြေခံဒေသအဖြစ် တည်ဆောက်ပြီး စစ်အနိုင်တိုက်ရေး၊အာဏာသိမ်းရေးဟူသော ဖ၄လမ်းစဉ်ကို ချမှတ်ကျင့်သုံးလာသည်။ လလသသဆိုင်များ၊ ပြည်သူ့ဆိုင်များကို ဖျက်ဆီးခြင်း၊ မြေယာကော်မတီများ၊ မြေယာကော်မတီဝင်များကို သတ်ဖြတ်ခြင်း၊ ရဲကင်းများ၊ တပ်မတော် အင်အားနည်းပါးသော တပ်စခန်းများကို ဝင်ရောက် တိုက်ခိုက်ခြင်း၊ စပါးအဝယ်ဒိုင်များကို ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခြင်း၊တောင်သူလယ်သမားများကို စပါးဒိုင်သို့ စပါးသွား ရောင်းချလျှင် နွားကိုဟင်း၊ လှည်းကိုထင်းဖြစ်စေရမည်ဟု ခြိမ်းခြောက်တားဆီးခြင်း၊ ကျေးရွာ မူလတန်းကျောင်းများကို မဖွင့်ရန်တားမြစ် ပိတ်ပင်ခြင်း စသော ကျေးလက်ပြည်သူတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများ ပျက်ပြားရန် ဖျက်ဆီးလာခဲ့သည်။

ထို့ကြောင့် ကျေးလက်တောင်သူလယ်သမားများ၏ ထောက်ခံမှုမရရှိဘဲ ဗကပချေမှုန်းရေး၊ ဆန့်ကျင်ရေးအတွက် ပြည်သူ့စစ်များ ဖွဲ့စည်းလာခဲ့ကြသည်။ တပ်မတော်အား ဗကပနှင့် သောင်းကျန်းသူတို့၏ လှုပ်ရှားမှုသတင်းများကို ဆက်သွယ်ပေးပို့လာခဲ့သည်။

ယင်းမှတစ်ဆင့် ဗကပတို့သည် ၁၉၆၆ခုနှစ်တွင် လေးနှစ်အတွင်း စစ်အနိုင်တိုက်ရေးစီမံကိန်းများကို နိုင်ငံရေးဦးဆောင်အဖွဲ့(ပေါ်လစ်ဗျူရို) အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ရာ ဗကပဗဟိုကော်မတီဝင် ဂိုရှယ်(ခေါ်)ရဲဘော်ဘတင်က တပ်မတော်၏ထိုးစစ်ကို ရှောင်ပြေးနေရပြီး ကျေးရွာပြည်သူများနှင့် ကင်းကွာနေသော စစ်ရေး၊နိုင်ငံရေး အကျပ်အတည်းများကို ထောက်ပြပြီး "အရူးအိပ်မက်မက်နေသောစီမံကိန်း"ဟု ဝေဖန်ခဲ့ရာ ရဲဘော်ဘတင်အပါအဝင် ရဲဘော်ဌေး၊ဗိုလ်ရန်အောင်စသော ဗကပ၏ အစဉ်အလာခေါင်းဆောင်များအား ဖြုတ်ထုတ်သတ်လမ်းစဉ်ဖြင့် ပါတီမှ သုတ်သင်ခဲ့တော့သည်။ ဗကပသည် ဖ၆လမ်းစဉ်ဖြင့် တပ်မတော်၏ ထိုးစစ်ကို ထိုးစစ်ဖြင့် ချေမှုန်းရေးဟူသော စစ်ရေးကြွေးကြော်သံကို ကြွေးကြော်ပြီး ပါတီတွင်း ဖြုတ်ထုတ်သတ်မှုများ၊ ကျေးလက်ပြည်သူများအား အမျိုးမျိုးသော စွဲချက်များတင်ပြီး လူသတ်ပွဲများ၊ ကျူးလွန်လာခဲ့ကြရာ ပြည်သူတို့၏ဆန့်ကျင်မှုကို ဗကပတို့ ရင်ဆိုင်လာခဲ့ကြရသည်။

ဗကပကျူးကျော်စစ်ကို ချေမှုန်းပြီးနောက် ကွမ်းလုံဒေသ ဟိုက်ကမ်းပါး ခံစစ်စခန်းကို တပ်မတော်က တပ်စွဲ

ထို့ကြောင့်ပင် တပ်မတော်သည် ၁၉၆၆ခုနှစ် မှ ၁၉၆၇ခုနှစ်အတွင်း ပဲခူးရိုးမဒေသရှိ ဗကပဗဟိုဌာနချုပ်ကို ပြည်သူ့စစ်များနှင့် ပူးပေါင်းပြီး ကြံတိုင်းအောင်စစ်ဆင် ရေး၊ မော်နိုင်စစ်ဆင်ရေးတို့ဖြင့် ဆင်နွှဲတိုက်ခိုက်ခဲ့ရာ ဗကပ ဗဟိုဆေးကျောင်းကိုသိမ်းယူဖျက်ဆီးနိုင်ခဲ့သည်။ဗကပသောင်းကျန်းသူ အများအပြားကျဆုံးခဲ့သည်။ အဖမ်းခံကြရသည်။ လက်နက်ချကြသည်။ ၁၉၆၇ခုနှစ် နိုဝင်ဘာလကုန်မှစ၍ ၁၉၆၈ခုနှစ် စက်တင်ဘာလအထိ ၁၀လကြာမျှ ပဲခူးရိုးမဒေသဖြစ်သော သာယာဝတီခရိုင်မြောက်ခြမ်းနှင့် ပြည်ခရိုင်တောင်ခြမ်းတောင်ညို၊ ရွှေလေးဒေသရှိ ဗကပဗဟိုဌာနချုပ်အား တပ်မတော်က ပြည်သာယာစစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့ရာ ၁၉၆၈ခုနှစ် ဧပြီလ၁၆ရက်နေ့ နံနက်လင်းအရုဏ်တွင် ဗကပဗဟိုဌာနချုပ်အား စီးနင်းတိုက်ခိုက်နိုင်ခဲ့သည်။ ဗကပဗဟိုကော်မတီဝင် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗဟိုစစ်ဦးစီးဌာနချုပ်မှူး ဗိုလ်ဇေယျကျဆုံးခဲ့သည်။ ပြည်ခရိုင်မှ ခရိုင်ကော်မတီ ရဲဘော်ဘိုအေး၊ ဗဟိုဆေးကျောင်းတပ်မှူး ရဲဘော်အောင်မြင့်၊ ရဲဘော်ဌေး၏ဇနီး မစောရီ၊ ပြည်ခရိုင်ကော်မတီ ဗိုလ်သန်းနောင်တို့လည်း တပ်မတော်၏ ပြည်သာယာစစ်ဆင်ရေးအတွင်း ကျဆုံးခဲ့ကြသည်။

ဤသို့အားဖြင့် ဗကပတို့သည် ကျေးလက်ပြည်သူတို့၏ ဆန့်ကျင်မှုများဖြင့် တပ်မတော်၏ စစ်ဆင်ရေးသတင်းများကို မရရှိတော့ခြင်း၊ ကျေးရွာများသို့ မချဉ်းကပ်နိုင်တော့ခြင်း၊ အထောက်အပံ့ရိက္ခာများ အခက်အခဲဖြစ်လာခြင်းတို့နှင့်အတူ တပ်မတော်နှင့် ပြည်သူ့စစ်တို့၏ ပူးပေါင်းဆင်နွှဲသော စစ်ဆင်ရေးများကို ထိတ်လန့်ချောက်ချားစွာ ရင်ဆိုင်လာခဲ့ရသည်။ ၁၉၆၈ခုနှစ် စက်တင်ဘာလမှ ၁၉၆၉ ခုနှစ် မတ်လ အထိ ခုနစ်လကြာမြင့်သော တေဇစစ်ဆင်ရေးဖြင့် တပ်မတော်သည် ဗကပတို့အား လိုက်လံချေမှုန်းတိုက်ခိုက်ခဲ့ရာ စက်တင်ဘာလ ၁၉ရက်နေ့တွင် ဗကပ၏ ဗဟိုဌာနချုပ်ကို ဝင်ရောက်စီးနင်းနိုင်ခဲ့သည်။ ဗကပခေါင်းဆောင် သခင် သန်းထွန်းအပါအဝင် ဗဟိုကော်မတီဝင်များသည် ကိုယ်လွတ်ရန်း ပြေးခဲ့ကြရသည်။ ယင်းနောက် ဗကပ၏ ပါတီ

တွင်း ဖြုတ်ထုတ်သတ်စီမံကိန်းနှင့်
မကျေနပ်သော မြစ်ဝကျွန်းပေါ်တိုင်း
ရဲဘော်မြက စက်တင်ဘာလ ၂၄ရက
သန်းထွန်းကို လုပ်ကြံသတ်ဖြတ်ခြင်း
နိုင်ငံရေး၊ စစ်ရေးသည် ရပ်တန့်၍မရ
၁၉၇၀ပြည့်နှစ်မှ ၁၉၇၅ခုနှစ်အတွင်း
ပူးပေါင်းမှုဖြင့် ပဲခူးရိုးမဒေသရှိ ဗက
ရှောင်စစ်ဆင်ရေး၊ အောင်စိုးမိုးစစ်ဆ
ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၉၇၅
ဗကပခေါင်းဆောင်သခင်ဇင်နှင့် သ
ရဲနွှယ်ဖွတ်ကျားချောင်း၌ကျဆုံးပြီး ပဲ

ပြည်သူတို့နှ

သည်လည်း ကျဆုံးချုပ်ငြိမ်းခဲ့တော့သည်
တပ်မတော်၏ စစ်ရေး၊ စည်းရုံးရေးအ
ဖယ်ရှားချေမှုန်းလိုက်သော အောင်ပွဲပ
ယင်းသို့ ပဲခူးရိုးမဒေသရှိ ဗက
ဗကပခေါင်းဆောင်များ ကျဆုံးစေခဲ့သေ
ဗကပ ဗဟိုကော်မတီသည် အရှေ့မြောက
အခြေခံဒေသအဖြစ် တည်ဆောက်လာ
ကချင်၊ ပအိုဝ်း စသော ဒေသခံတိုင်းရ
သွေးဆောင်ဖြားယောင်းခြင်းတို့ဖြင့် စ
အဖွဲ့အစည်းများ၊ တပ်များကို ဖွဲ့စည်း
တပ်ရင်းကြီး ၃၀၃ ကို အဓိကအင်အ
ဇန်နဝါရီလ ၁ ရက်နေ့တွင် မုံးကိုးစ
၁၉၆၈ ခုနှစ်အတွင်း တပ်မတော်တပ်
ပန်ဆုကိုင်၊ ဖော်ကျုံး၊ ကြူကုတ်၊ ကော
များကို ဝင်ရောက်တိုက်ခိုက်လာခဲ့သ
ယင်းနောက် ၁၉၇၁ ခုနှစ် နိုဝ
၃၀၃ နှင့် ၄၀၄ တို့နှင့် လက်အောက်
ဖြစ်ကြသော တပ်ရင်း ၅၀၁၊ ၅၀၂၊
အင်အား၃၀၀၀ကျော်သည် ၁၉၇၁
ဒီဇင်ဘာလ၂၈ရက်နေ့အထိ ရက်ပေါင်း
ပိတ်ဆို့ တိုက်ခိုက်လာခဲ့ကြသည်။
စင်စစ် ကွမ်းလုံ ရက်၄၀တိုက်
တည်တံ့မှုကိုလည်းကောင်း၊ လွတ်လ
ပိုင်ဆိုင်မှုကိုလည်းကောင်း ခြိမ်းခြော
တပ်မတော်က အသက်သွေးချွေးများစွာ
ရသော သမိုင်းဝင်တိုက်ပွဲကြီးဖြစ်သည်
ချမှတ်ခင်းကျင်းထားသည့် နိုင်ငံရေး

ပြည်တွင်းဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်နှင့်အတူ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ကြသော ပြည်သူ့စစ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

(၃၉)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်သူတို့နှင့် ထာဝရ အတူရှိနေမည့် တပ်မတော်

ကြယ်ဖြူ

တွင်း ဖြုတ်ထုတ်သတ်စီမံကိန်းနှင့် အာဏာနီတည်ဆောက်ရေးကို မကျေနပ်သော မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်မှ တပ်သားရဲဘော်မြကြ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗကပဥက္ကဋ္ဌ သခင်သန်းထွန်းကို လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် ပဲခူးရိုးမဒေသရှိ ဗကပတို့၏ နိုင်ငံရေး၊ စစ်ရေးသည် ရပ်တန့်၍မရအောင် ကျဆုံးလာခဲ့တော့သည်။ ၁၉၇၀ပြည့်နှစ်မှ ၁၉၇၅ခုနှစ်အတွင်း တပ်မတော်သည် ပြည်သူတို့၏ ပူးပေါင်းမှုဖြင့် ပဲခူးရိုးမဒေသရှိ ဗကပနှင့် မဒညတများအား အလင်းရောင်စစ်ဆင်ရေး၊ အောင်စိုးမိုးစစ်ဆင်ရေး၊ လျှပ်စီးစစ်ဆင်ရေးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဗကပခေါင်းဆောင်သခင်ဇင်နှင့် သခင်ချစ်တို့သည် ပဲခူးရိုးမဒေသရဲနွယ်ဖွတ်ကျားချောင်း၌ကျဆုံးပြီး ပဲခူးရိုးမဒေသ၏ ဗကပလှုပ်ရှားမှု

မျှော်မှန်းချက်အရ ကွမ်းလုံမြို့ကိုသိမ်းပိုက်ပြီး ကိုးကန့်နှင့် “ဝ”နယ်မြေများကို ချဲ့ထွင်သိမ်းယူရန်၊ သံလွင်အနောက်ခြမ်းဒေသအား ဗကပတို့၏ လွတ်မြောက်သောနယ်မြေအဖြစ် မရမနေ တည်ဆောက်ရန်ဖြစ်သည်။ ယင်းမှတစ်ဆင့် ကမ္ဘာသို့ကြေညာပြီး နိုင်ငံတကာကွန်မြူနစ်နိုင်ငံများက အသိအမှတ်ပြုပြီး တရားဝင် စစ်ရေး၊ နိုင်ငံရေး အကူအညီများကို တရားဝင် ဆက်သွယ်တောင်းခံရယူရန် စီမံကိန်းချခဲ့ပြီးဖြစ်သည်။

ယင်းရည်မှန်းချက်စီမံကိန်းအောင်မြင်ရန်အတွက် ဗကပတို့သည် နိုဝင်ဘာလ ၁၉ရက်နေ့တွင် ကွမ်းလုံဒေသအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ကြသည်။ ယင်းသို့ဝင်ရောက်ခဲ့ရာတွင် ဗကပတပ်ရင်းလေးရင်းနှင့် လက်အောက်ခံတပ်များအပါအဝင် အင်အား၂၀၀၀ကျော်ခန့်က သံလွင်မြစ် အရှေ့ဘက် ခြမ်းမှလည်းကောင်း၊ ဗကပတပ်ရင်း

်ကမ်းပါး ခံစစ်စခန်းကို တပ်မတော်က တပ်စွဲနေရာယူထားသည်ကို တွေ့ရစဉ်။

သည်လည်း ကျဆုံးချုပ်ငြိမ်းခဲ့တော့သည်။ **“ဤသည်မှာ ပြည်သူတို့နှင့်အတူ တပ်မတော်၏ စစ်ရေ၊ စည်းရုံးရေးအင်အားက ပြည်တွင်းအန္တရာယ်ကို ဖယ်ရှားချေမှုန်းလိုက်သော အောင်ပွဲပင်ဖြစ်သည်။”**

ယင်းသို့ ပဲခူးရိုးမဒေသရှိ ဗကပ ဗဟိုဌာနချုပ်စခန်းနှင့်အတူ ဗကပခေါင်းဆောင်များ ကျဆုံးစေခဲ့သော အခြေအနေအရ အဝေးရောက် ဗကပ ဗဟိုကော်မတီသည် အရှေ့မြောက်ဒေသကို ဗကပ၏ ဗဟိုဌာနချုပ်အခြေခံဒေသအဖြစ် တည်ဆောက်လာခဲ့သည်။ အရှေ့မြောက်ဒေသရှိ ကချင်၊ ပအိုဝ်း စသော ဒေသခံတိုင်းရင်းသားများကို ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်းတို့ဖြင့် စည်းရုံးသိမ်းသွင်းပြီး ဗကပသြဇာခံ အဖွဲ့အစည်းများ၊ တပ်များကို ဖွဲ့စည်းထူထောင်လာခဲ့တော့သည်။ ဗကပ တပ်ရင်းကြီး ၃၀၃ ကို အဓိကအင်အားအဖြစ်ထားရှိကာ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မုံးကိုးစခန်းကိုဝင်ရောက်သိမ်းယူခဲ့သည်။ ၁၉၆၈ ခုနှစ်အတွင်း တပ်မတော်တပ်စခန်းများဖြစ်သော ဖောင်းဆိုင်၊ ပန်ဆုကိုင်၊ ဖော်ကျိုး၊ ကြူကုတ်၊ ကောင်းလုံ၊ လုံထန်နှင့် နမ့်ပေါ်တံတားများကို ဝင်ရောက်တိုက်ခိုက်လာခဲ့သည်။

ယင်းနောက် ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ဗကပတပ်ရင်းကြီး ၃၀၃ နှင့် ၄၀၄ တို့နှင့် လက်အောက်ခံတိုင်းရင်းသား၊ တပ်ရင်းများဖြစ်ကြသော တပ်ရင်း ၅၀၁၊ ၅၀၂၊ ၅၀၃ တို့ ပူးပေါင်းထားသည့် အင်အား၃၀၀၀ကျော်သည် ၁၉၇၁ခုနှစ်နိုဝင်ဘာလ ၁၉ရက်နေ့မှ ဒီဇင်ဘာလ၂၈ရက်နေ့အထိ ရက်ပေါင်း၄၀ကြာမျှ ကွမ်းလုံမြို့ကို ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်လာခဲ့ကြသည်။

စင်စစ် ကွမ်းလုံ ရက်၄၀တိုက်ပွဲသည် နိုင်ငံတော်၏ နယ်မြေတည်တံ့မှုကိုလည်းကောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုလည်းကောင်း ခြိမ်းခြောက်လာသည့် ဗကပတပ်များအား တပ်မတော်က အသက်သွေးချွေးများစွာပေးဆပ်စွန့်လွှတ်ပြီး တိုက်ပွဲဝင်ခဲ့ရသော သမိုင်းဝင်တိုက်ပွဲကြီးဖြစ်သည်။ ဗကပတို့၏ ၁၉၇၁ခုနှစ်အတွင်း ချမှတ်ခင်းကျင်းထားသည့် နိုင်ငံရေး၊ စစ်ရေး မဟာဗျူဟာမြောက်

(၃၀၃၁)၊(၃၀၃၇)နှင့်လက်အောက်ခံ တိုင်းရင်းသားများအပါအဝင် အင်အား၁၀၀၀ကျော်က သံလွင်မြစ် အနောက်ခြမ်းမှလည်းကောင်း ဝန်းရံစုဖွဲ့ လှုပ်ရှားဝင်ရောက်ခဲ့ကြသည်။

ဗကပတို့၏ ထိုးစစ်အား တပ်မတော်မှ နယ်လှည့် စစ်ဗျူဟာ(၁)နှင့် တပ်ရင်းလေးရင်း၊ ရှေ့တန်း အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် တပ်ရင်းငါးရင်းတို့ဖြင့် အပြင်းအထန်ခုခံတိုက်ခိုက်ကြရသည်။ တပ်မတော်ဘက်မှ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ကွမ်းလုံမြို့သူမြို့သားများက ပါဝင်ပံ့ပိုးအားဖြည့်ပြီး ရန်သူဗကပတို့၏ ထိုးစစ်ကို တွန်းလှန်တိုက်ခိုက်ခဲ့သည်။ နိုဝင်ဘာ ၂၀ရက်နေ့တွင် ဗကပတို့က မန်ခါးတိုက်ပွဲကို စတင်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်က ကြံကြံခံ တွန်းလှန်တိုက်ခိုက်ရာ အနီးကပ် လုံးစွပ်ထိုးတိုက်ပွဲ ရှစ်ကြိမ်တိတိ တိုက်ခိုက်ခဲ့ရသည်။

ယင်းအပြင် ဗကပတို့သည် ပေ ၄၀၀၀ကျော် မြင့်သော တောင်ကြောပေါ်ရှိ လွယ်မန်ခါးစခန်းကို နိုဝင်ဘာ ၂၂၊၂၅၊၂၆ ရက်နေ့များတွင်လည်းကောင်း၊ နိုဝင်ဘာလ ၂၆ရက်နေ့မှာပင် ပေ ၆၀၀၀ကျော်မြင့်သော တောင်ကြောပေါ်ရှိ ရှောင်တိလင်စခန်းကိုလည်းကောင်း လက်နက်ကြီးပစ်ကူများ မတန်တဆယူကာ ဆက်လက်တိုက်ခိုက်လာခဲ့ကြသည်။ နိုဝင်ဘာလ ၃၀ရက်နေ့တွင် ဗကပတို့သည် ဟိုက်ကမ်းပါးကို စတင်တိုက်ခိုက်ခဲ့ကြသည်။ ဗကပတို့သည် ယင်းတို့၏ (၃၀၃၅)၊(၄၀၄၅)တပ်ရင်းအင်အားများဖြင့် ချေမှုန်းရေး တိုက်ပွဲဝင်စေပြီး ကျန်တပ်ရင်းနှစ်ရင်းကို တပ်မတော်မှ စစ်ကူလာနိုင်သည့် လမ်းများအား ပိတ်ဆို့ဖြတ်တောက်စေခဲ့သည်။ ယင်းနောက် လွယ်မန်ခါးနှင့် ပညက်ထန် တောင်ကြောပေါ်မှ လက်နက်ကြီးများဆင်၍ ချေမှုန်းရေးတပ်များကို ပစ်ကူပေးတိုက်ခိုက်ခဲ့ကြသည်။ ချေမှုန်းရေးတပ်များ ကလည်း အင်အား ၂၀၀စီဖြင့် အသုတ်လိုက်ခွဲပြီး တပ်မတော်က ပစ်ခတ်နေသော အမြောက်ကျည်များ၊ သုံးလက်မစိန်ပြောင်းဗုံးသီးများ၊ လက်နက်ငယ်ကျည်များနှင့် မိုင်းကွင်းများကြားမှပင် အတင်းဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

ရန်သူဗကပသည် စစ်ရေးနည်းဗျူဟာအရ ဟိုက်ကမ်းပါးကို မရမနေ အသေခံတိုက်ခိုက်နေသော အကြောင်းရင်းမှာ ဟိုက်ကမ်းပါးတောင်ကုန်းသည် ကွမ်းလုံမြို့ ကြိုးတံတားနှင့် တပ်မတော်အမြောက်တပ်စုရှိရာ တောင်ကုန်းတို့ကို စိုးမိုးနေခြင်းဖြင့် ကွမ်းလုံ ခံစစ်ကြောင်း၏ အချက်အချာခံစစ်ဒေသဖြစ်သည့်အပြင် ဟိုက်ကမ်းပါးစခန်းသည် ကွမ်းလုံ၏ မြောက်ဘက် ကိုက်၂၅၀၀ကျော် ကွာဝေးပြီး ပေ ၂၅၀၀ခန့် ပိုမြင့်သည်။ ကောင်းစွာ စစ်ကစားနိုင်သော အနေအထား ရှိသည်။ ဟိုက်ကမ်းပါးကို သိမ်းလိုက်ခြင်းသည် ကွမ်းလုံကို သိမ်းယူခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ဗကပတို့သည် ကွမ်းလုံမြို့၏ ကာတပ်စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်လာခဲ့သည့် နည်းဗျူဟာကို ကျင့်သုံး၍ နောက်ဆုံး အဆင့်တွင် ဟိုက်ကမ်းပါးအား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဟိုက်ကမ်းပါး တိုက်ပွဲသည် ဗကပတို့၏ နိုင်ငံရေး၊ စစ်ရေးအခြေ အနေကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲဖြစ်ရာ ရှိသမျှ အင်အားဖြင့် တိုက်ခိုက်လာသည်။ တပ်မတော်သည် အခြေအနေအရ ယာယီဆုတ်ခွာပေးလိုက်ရသည်။

သို့သော်လည်း တပ်မတော်သည် ဟိုက်ကမ်းပါးကို ရန်သူ့လက်မှ ပြန်လည်မသိမ်းယူနိုင်ပါက ကွမ်းလုံ ခံစစ်မှာ မည်သို့မျှမခံနိုင်ဘဲ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် အသေခံတိုက်ပွဲဝင်ရန်သာရှိတော့သည်ကို တပ်မတော်သားအားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်း ခံယူနားလည်ပြီးဖြစ်သည်။ ယင်းအခြေအနေသည်ပင်လျှင် တပ်မတော်သားများသည် ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲဝင်ပြီး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးရသည်က ပို၍ မြင့်မြတ်သည် ဟူသော သူရဲကောင်းတို့၏စိတ်ဓာတ်ဖြင့်လည်းကောင်း၊ ငါ့နိုင်ငံတော်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက် အသက်ပေးမည် ဟူသော တပ်မတော်၏ သစ္စာအဓိဋ္ဌာန်ဖြင့် လည်းကောင်း ရန်သူ ဗကပတပ်များအတွင်းသို့ တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အပြင် အမြောက်၊ လေကွဲကျည်များအပါအဝင် လက်နက်ကြီး ပစ်ကူများဖြင့် တိုက်ခိုက်ခဲ့ရာ ဗကပတို့သည် ယင်းတို့၏ ကျဆုံးဒဏ်ရာရသူများကိုပင် မသယ်နိုင်တော့ဘဲ ကစဉ့်ကလျား လက်လွှတ်ထွက်ပြေးခဲ့ကြသည်။ တပ်မတော်သည် ဗကပတို့၏ တိုက်စစ်အဟုန်ကို ရိုက်ချိုးပြီး ဟိုက်ကမ်းပါးစခန်းအား ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ တပ်မတော်က ဟိုက်ကမ်းပါးစခန်းကို ပြန်လည်သိမ်းယူနိုင်သော စစ်ရေးအောင်ပွဲသည် ကြီးမားသော စစ်ရေးအလှည့်အပြောင်း ဖြစ်လာစေခဲ့သည်။ တပ်မတော်သည် ရန်သူကို ခံစစ်မှထိုးစစ်သို့ ပြောင်းလဲ တိုက်ခိုက်လာခဲ့တော့သည်။

တပ်မတော်သည် အဆက်မပြတ်သော ထိုးစစ်များဖြင့် ထက်ကြပ်မကွာ တိုက်ခိုက်ခဲ့ရာ ၁၉၇၁ခုနှစ် ဒီဇင်ဘာလ၁ရက်နေ့ည ၁၂နာရီ၁၅မိနစ်တွင် ဗကပ၏ ပင်မထိုးစစ်ကြောင်းကို ပျက်စီးပြိုကွဲစေခဲ့ပြီး ဗကပတို့သည် ဆုတ်ခွာထွက်ပြေးခဲ့ကြသည်။ ဒီဇင်ဘာလ ၁၁ရက်နေ့တွင် လွယ်မန်ခါးတောင်ကြောကို တပ်မတော်က ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဒီဇင်ဘာ၁၈ရက်နေ့တွင် ကောင်းခြံတိုက်ပွဲကို ဆက်လက်တိုက်ခိုက်ခဲ့ရာ ဗကပတို့သည် ကျဆုံးသူများကိုပင် မကောက်ယူနိုင်ဘဲ ဆုတ်ခွာထွက်ပြေးခဲ့ကြရသည်။

ဤသို့ဖြင့် ၁၉၇၁ခုနှစ် ဒီဇင်ဘာလ၁၈ရက်နေ့မှစ၍ တပ်မတော်သည် ကွမ်းလုံဒေသတစ်ခုလုံးကို သိမ်းယူရရှိပြီး နယ်မြေစိုးမိုးရေးကို အခိုင်အမာ ရယူလာနိုင်ခဲ့သည်။ တပ်မတော်သည် ကွမ်းလုံဒေသကို ရက်ပေါင်း၄၀ကြာမျှ မိမိထက် အင်အား၁၀ဆမျှမက အင်အားသာလွန်သော ဗကပတို့ကို တွန်းလှန်တိုက်ခိုက်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ကွမ်းလုံတိုက်ပွဲတွင် တပ်မတော်(လေ)ကလည်း ထိရောက်သော ကဏ္ဍမှတာဝန်ယူ၍ အဆက်မပြတ် ချေမှုန်းတိုက်ခိုက်ပြီး ခြေလျင်တပ်များကို အကူအညီပေးခဲ့သည်။ “ဤသည်ပင်လျှင် ကွမ်းလုံတိုက်ပွဲသည် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေးမာန်မာနကို တပ်မတော်က မြေကြီးပေါ် ချနင်းချေမှုန်းလိုက်ခြင်း ဖြစ်သကဲ့သို့ သံလွင်အရှေ့ခြမ်းစိုးမိုးရေးဟူသော ဗကပ၏ နိုင်ငံရေးရည်မှန်းချက် မဟာဗျူဟာကိုလည်း နောက်ထပ်ချမှတ်နိုင်ခြင်းမရှိအောင် ချွတ်ခြုံကျစေသည် အထိ ချေမှုန်းလိုက်သော ပြည်သူနှင့် တပ်မတော်တို့၏ သမိုင်းဝင် အောင်ပွဲကြီးပင်ဖြစ်သည်။”

ယင်းတိုက်ပွဲတွင် ဗကပဘက်မှ အင်အား ၁၂၀၀ ကျော်သေဆုံးပြီး တပ်မတော်ဘက်မှ နိုင်ငံသားကောင်း ၈၅ဦး တိုင်းပြည်အတွက် အသက် ပေးဆပ်ကာ ၂၇၄ဦးက ကိုယ်လက်အင်္ဂါတို့ကို တိုင်းပြည်အတွက် စွန့်လွှတ်ပေးဆပ်လျက် မြင့်မြတ်သော အမျိုးသားရေး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ ဤသည်မှာ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်ခြင်း စသည့် အစဉ်အလာကောင်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်ရင်း ပြည်သူတို့နှင့် အစဉ်ထာဝရအတူ လက်တွဲတည်ရှိနေမည့် တပ်မတော်၏ မော်ကွန်းပင် ဖြစ်ပါသတည်း။ ။

တပ်မတော်သားများသည် ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲဝင်ပြီး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးရသည်က ပို၍မြင့်မြတ်သည် ဟူသော သူရဲကောင်းတို့၏ စိတ်ဓာတ်ဖြင့်လည်းကောင်း၊ ငါ့နိုင်ငံတော်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက် အသက်ပေးမည်ဟူသော တပ်မတော်၏ သစ္စာအဓိဋ္ဌာန်ဖြင့်လည်းကောင်း ရန်သူ ဗကပတပ်များအတွင်းသို့ တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အပြင် အမြောက်၊ လေကွဲကျည်များအပါအဝင် လက်နက်ကြီး ပစ်ကူများဖြင့် တိုက်ခိုက်ခဲ့ရာ ဗကပတို့သည် ယင်းတို့၏ ကျဆုံးဒဏ်ရာရသူများကိုပင် မသယ်နိုင်တော့ဘဲ ကစဉ့်ကလျား လက်လွှတ်ထွက်ပြေးခဲ့ကြသည်။ တပ်မတော်သည် ဗကပတို့၏ တိုက်စစ်အဟုန်ကို ရိုက်ချိုးပြီး ဟိုက်ကမ်းပါးစခန်းအား ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

ကွမ်းလုံ ရက် ၄၀ တိုက်ပွဲတွင် ထိုးစစ်ဆင်လာသော ဗကပများအား တပ်မတော်သားများက ဤသို့ ရင်ကို မြေကတုတ်လုပ်ကာ ခုခံတွန်းလှန်ခဲ့ကြသည်။

မဟာသကြိန် ဝိပဿနာ ခုနစ်ရက်စခန်း စာရင်းပေးသွင်းနိုင်

ရန်ကုန် မတ် ၁၄

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဩဘာလမ်းရှိ ဓမ္မရက္ခိတဓမ္မာရုံကြီးတွင်(၁၆)ကြိမ်မြောက် မဟာပဋ္ဌာန်း ဝိပဿနာ သကြိန်ခုနစ်ရက်စခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ မဟာပဋ္ဌာန်းတရားတော်များကို ကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မဇောတိကဓဇ ပဋ္ဌာန်းဆရာတော်ဘဒ္ဒန္တဝါယမက ဟောကြားပြသတော်မူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီ ၅၀ ဦးသာ လက်ခံမည်ဖြစ်ရာ ဧပြီ ၄ ရက် နောက်ဆုံးထား၍ ဓမ္မရက္ခိတဓမ္မာရုံတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

☆ ကျောဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက်၇နာရီခွဲတွင် မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှဧရာဝတီတိုင်း ပုသိမ်လေဆိပ်သို့ ရောက်ရှိကြရာ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

တက်ရောက်

ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ခဲ့သည့်လမ်းများ၊ တံတားများသည် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအပြန်အလှန်ကူးလူးဆက်ဆံထိတွေ့ပြီး ရင်းနှီးမှု၊ နားလည်မှု၊ ဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေသည့် လူမှုရေးစီးပွားရေး အဆောက်အအုံများလည်းဖြစ်ကြောင်း။

ဥဒဟိုသွားလာနေ

မြစ်များ၊ ချောင်းများ များပြားလှသည့် ဧရာဝတီတိုင်းတွင် ရေကြောင်းခရီးကိုသာအဓိက အားထားသွားလာဆက်သွယ်နေခဲ့ရသည့် အစဉ်အလာဟောင်းကိုယနေ့တော်လှန်ပြီး ကုန်းလမ်းခရီးစဉ်များဖြင့် အစားထိုးလာနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ဦးဆောင် တာဝန်ခံ ဆောင်ရွက်ပေးမှု၊ ဧရာဝတီတိုင်းသားများ၏ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဧရာဝတီတိုင်းအတွင်း၌ မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းများနှင့် တံတားများသည် ကွန်ရက်သဖွယ် ပေါ်ထွက်လာသည့်အတွက် နယ်မြေဒေသ အားလုံးနီးပါးကို မော်တော်ကားဖြင့် ဥဒဟိုသွားလာနေကြပြီဖြစ်ကြောင်း။

ကုန်းလမ်းထွက်ပေါက်

ဗိုလ်မြတ်ထွန်းတံတား၊ ဒါးကတံတား၊ ကျောင်းကုန်းတံတား၊ ပသွယ်တံတားစသည့် တံတားများကြောင့် ရန်ကုန်-ပုသိမ်လမ်းကြောင်းပေါ်ထွက်လာခဲ့ပြီဖြစ်သကဲ့သို့ ဒေးဒရဲတံတားကြီး၏ အကျိုးပြုမှုကြောင့်ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလလမ်းကြောင်းသည်လည်း ဧရာဝတီတိုင်း၏ ကုန်းလမ်းထွက်ပေါက်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများသည် ပြည်ပလောင်းရိပ်ကင်းသည့် အသီးအပွင့်များဖြစ်
ပုသိမ်လေယာဉ်ကွင်းကြောင့် ငွေဆောင်ချောင်းသာသို့ မြန်ဆန်လွယ်ကူစွာ သွားလာအပန်းဖြေနိုင်ပြီ

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့ ၊ ပန်းဖွားအကအဖွဲ့၊ အရေးပါအဖွဲ့၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်လေဆိပ်လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားအစီအစဉ်များကို မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လမ်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး

ဖြစ်နိုင်သမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာအောင် နိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၏ စုစည်းညီညွတ်မှု စွမ်းပကားကို ပိုမိုတိုးတက်ခိုင်မာသည်ထက် ခိုင်မာလာအောင် ကြိုးပမ်းတည်ဆောက်ရင်း၊ တိုင်းရင်းသားပြည်သူ

ထိုအတူ ပန်းတနော်တံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားစသည့် တံတားများ တည်ဆောက်ပြီးဖြစ်သည့်အတွက် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျူမငေးလမ်း ခိုင်ခိုင်မာမာထွက်ပေါ်လာသကဲ့သို့ ဂူညင်းတန်းတံတား၊ မအူပင်တံတား၊ ဥယျာဉ်ချောင်းတံတားနှင့် အခြားတံတားများကြောင့် ကျိုက်လတ်-ဖျာပုံ-ဘိုကလေး-လမ်းကြောင်း၊ ကျိုက်လတ်-မအူပင်လမ်းကြောင်း၊ မအူပင်-ဆားမလောက်လမ်းကြောင်းစသည့် ကုန်းလမ်းကြောင်းအသစ်များ ဖြစ်ပေါ်လာခဲ့ပြီး ဒေသတစ်ခုနှင့် တစ်ခုအကြား လွယ်ကူလျင်မြန်စွာသွားလာနေကြပြီဖြစ်ကြောင်း။

တည်ဆောက်နေသည့် ဖျာပုံမြစ်ကူးတံတား၊ ဝဲဝန်မြစ်ကူး ပုသိမ်တံတားများပြီးစီးသွားမည်ဆိုလျှင် ဧရာဝတီတိုင်း၏ မော်တော်ကားလမ်းကွန်ရက်စနစ်သည် ရာနှုန်းပြည့်နီးပါး အကောင်အထည်ပေါ်သွားပြီဟု ဆိုရမည်ဖြစ်ကြောင်း။

တစ်ဖက်မှ မော်တော်ကားလမ်းစနစ် ဖော်ထုတ်နေသကဲ့သို့ ယနေ့လို ပုသိမ်လေယာဉ်ကွင်းကြီးကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက်လေကြောင်းပို့ ဆောင်ရေး အပိုင်းနှင့်ပါ သွားလာနိုင်ပြီး ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ပိုမိုတိုးတက်မြင့်မားသွားပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုတိုးတက်မြင့်မားလာပြီး သောင်းကျန်းမှု လုံးဝကင်းစင်သည့် တည်ငြိမ်အေးချမ်းသော နယ်မြေအဖြစ် ခိုင်မြဲစွာ ဖြစ်ပေါ်လာခြင်းနှင့်အမျှ ရေခံမြေခံအခြေခံကောင်းများရှိသည့် နယ်မြေဖြစ်သည်နှင့်အညီ အချိန်တိုကာလအတွင်း၌သိသိသာသာဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေသည့်တိုင်းကြီးဖြစ်ကြောင်း၊ ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများလည်းရှိနေကြောင်း၊ နိုင်ငံတော်အတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုအရရော၊ သားငါးမွေးမြူထုတ်လုပ်မှုအရပါ အားကိုးအားထားပြုရသည့် တိုင်းကြီး တစ်တိုင်းဖြစ်ကြောင်း။



ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားတွင် လေယာဉ်ပြေးလမ်းတည်ဆောက်ရေး စီမံကိန်းဝန်ထမ်းများကိုယ်စား တည်ဆောက်ရေး လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခု ဖွင့်လှစ်သည့် ပုသိမ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းသည် ကွန်ကရစ် လေယာဉ်ပြေးလမ်း အလျားပေ ၅၅၀၀၊ အကျယ်ပေ ၁၀၀ ရှိသည့် လေယာဉ်ပြေးလမ်းအမျိုးအစားဖြစ်ပြီး ဖော်ကာ(F-28)ဂျက်လေယာဉ်ကြီးများ လွယ်လင့်တကူ ဆင်းတက်နိုင်သော လေယာဉ်ကွင်းကြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး အလျားပေ ၁၂၀၀၀အထိ တိုးချဲ့သွားနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ပုသိမ်လေယာဉ်ကွင်းကြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်းရင်းသား ပြည်တွင်းခရီးသည်များသည် ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးစည်ပင်နေသော ငွေဆောင်၊ ချောင်းသာအစရှိသည့် ပင်လယ်ကမ်းခြေအပန်းဖြေဒေသများကို မြန်ဆန်လွယ်ကူသက်သာစွာဖြင့် သွားလာအပန်းဖြေနိုင်ကြတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းသားများအတွက် ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုအကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက်ရရှိစေမည်ဖြစ်ကြောင်း။

ယနေ့ကာလသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး

များ၏လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးကိုအရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သားငါး၊ သတ္တု၊ စွမ်းအင်စသည့် ကဏ္ဍအလိုက်ကုန်ထုတ်လုပ်ငန်းများ၊ အလတ်စားနှင့် အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများစသည့် စီးပွားရေးအခြေခံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထို့အပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် လူမှုရေးအခြေခံများ တိုးတက်မြင့်မားရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

ထို့အပြင် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝပြည့်စုံမြင့်မားရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ကားလမ်းများ၊ ရထား လမ်းများ၊ ရေကြောင်းလမ်း၊ လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်းတို့ကို တစ်ပြိုင်တည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အတွင်းလမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့ရေးသည် နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့်မှာအမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေလုံးငွေရင်းမပာကကြီးမားစွာဖြင့် ကွန်ရက်သဖွယ် ယှက်သွယ်တည်ဆောက်

လမ်းညွှန်ထား

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍ မြင့်မား တိုးတက်အောင်ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံ အလားအလာကောင်း ရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေတစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်တယ်"

"နိုင်ငံတော်မှာရှိတဲ့ စပါးစိုက်ဧရိယာရဲ့ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာကောင်းတဲ့အတွက် ဧရာဝတီတိုင်းရဲ့ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ တိုးတက်အောင်ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမှာဖြစ်ပါတယ်"

"မွေးမြူရေးကဏ္ဍမှာလည်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို အားပေး မြှင့်တင်ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမှာဖြစ်တယ်"

ဟု လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

ထိုလမ်းညွှန်ချက်များကို ဧရာဝတီတိုင်းအနေဖြင့် အလေးအနက်လိုက်နာ အကောင်အထည် ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းအတွင်း၌ လိုအပ်သည့်လမ်းပန်းဆက်သွယ်မှုအခြေခံများကို နိုင်ငံတော်က

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ရွှေဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာတောင့်တင်းရေးကို စေတနာကောင်း၊ အရည်အချင်းကောင်း၊ အလုပ်ကောင်းတို့ဖြင့် ဖော်ဆောင်

❍ စာမျက်နှာ ၁၀ မှ

တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကိုလည်း အတိုင်းအတာတစ်ရပ်အထိ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ချောင်းဆည်၊ မမြဆည်၊ ကညင်ဆည် စသည့် တည်ဆောက်နေဆဲ ရေလှောင်တမံစီမံကိန်းများကိုလည်း အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများအပေါ်မှီပြီး ရွှေဝတီတိုင်းသည် မိုးစပါးရော၊ နွေစပါးပါ အများဆုံး တိုးချဲ့စိုက်ပျိုးသည့် တိုင်းနယ်မြေဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ထို့အပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် ဂုန်လျှော်ကိုလည်း တစ်နှစ်ထက်တစ်နှစ် အားရဖွယ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း။

အထူးဇုန်သဖွယ်

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုနှင့်အတူ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက ၆၀၀၀၀ကျော်၊ ပုစွန်ကန်ဧက ၃၅၀၀၀ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ ဝက်၊ ဒေသန္တရကြက် အများဆုံးမွေးမြူနေသော နယ်မြေအဖြစ်လည်း ရပ်တည်နေ

ရွှေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြီဖြစ်သည့်အတွက် ရွှေဝတီတိုင်းသည် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေး၊ မွေးမြူရေး အထူးဇုန်သဖွယ် တည်ရှိနေပြီဖြစ်ကြောင်း။

ထိုသို့ တိုးတက်နေသည့်အခြေအနေကောင်းများအပေါ်တွင် ရွှေဝတီတိုင်းသားများက ထပ်ဆင့်အားထည့်လိုက်မည်ဆိုလျှင် ရွှေဝတီတိုင်း၏ တိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တစ်ဆင့်မြင့်တက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ရွှေဝတီတိုင်းသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ပြည်နယ်၊တိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးလာအောင် ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုလေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးရေးဒေသ ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခင်က တိုးတက်မှုနှေးကွေးနေသည့် ဒေသများရော၊ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် ဒေသများပါ ယခုအခါ၌ အရှိန်အဟုန်ရှိရှိ တိုးတက်လာနေပြီဖြစ်ကြောင်း။

မှတ်ကျောက်တင်နိုင်

ကိန်းဂဏန်းစာရင်းများအရရော၊ ရုပ်ပိုင်းဆိုင်ရာ လက်တွေ့ဖြစ်ပေါ်နေမှုများအရပါ တိုးတက်ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို နိုင်ငံတော်တစ်ဝန်းတွင် မှတ်ကျောက်တင်နိုင်နေပြီဖြစ်ကြောင်း။

ထိုသို့ မှတ်ကျောက်တင်နိုင်ခြင်းသည်လည်း နယ်စပ်ဒေသများအပါအဝင် ပြည်နယ်၊ တိုင်းအားလုံး၌ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ပင်ဖြစ်ကြောင်း။

တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ ထောက်ထားမှု၊ ရပ်ရွာဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် ညီညွတ်မှုအင်အား၏ အကျိုးရလဒ်များသည် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်ကြည်ရင်းနှီးမှုပင်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး သံသယပွားနေရမှု၊ ထိပ်တိုက်ရင်ဆိုင်ပဋိပက္ခဖြစ်ပွားနေရမှုတို့ လွှမ်းခြုံခဲ့ရသည့် အတိတ်သမိုင်း၏ ဆိုးကျိုးများသည် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့၏ ဆန့်ကျင်ဘက် လူမှုအနိဋ္ဌာရုံများပင်ဖြစ်ကြောင်း။

ပြည်သူအားလုံးသည် တစ်ဦးချင်းအရ မိမိဘဝဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကို တပ်မက်မြတ်နိုးသကဲ့သို့ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးအတွက် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြစမြဲဖြစ်ကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့် လိုက်လျောညီထွေစွာ ယနေ့ပြည်ထောင်စုတစ်ဝန်းတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ညီညီညွတ်ညွတ်ပူးပေါင်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်သာယာမှုများ မျက်မြင်တွေ့ရှိခံစားနေရပြီဖြစ်ကြောင်း။

ကိုယ်ပိုင်အသီးအပွင့်

ဤနေရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီများ မရရှိအောင် ကန့်သတ်ခံထားရသည့်အတွက် ပြည်ပအကူအညီအပေါ် မမှီခိုဘဲ ရှန်းကန်တည်ဆောက်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများသည် ပြည်ပလောင်းရိပ်ကင်းသည့် ကိုယ်ပိုင်အသီးအပွင့် ရတနာများပင်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ခံယူချက်များဖြင့် ကြိုးစားပမ်းစား ဖန်တီးပျိုးထောင်ထားမှုများပင်ဖြစ်ကြောင်း။

ထို့ကြောင့် အပြုတရားနှင့် အဖျက်တရား၊ အကောင်းနှင့်အဆိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့ကို လက်တွေ့ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်း သုံးသပ်ရှုမြင်ပြီး မိမိတို့ အပင်ပန်းခံပြီး ဖန်တီးထားသည့် တိုးတက်မှုအသီးအပွင့်များကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဝံ့ဝံ့ကြွားကြွား အခွန့်ရှည်စွာ ရပ်တည်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံး လူနေမှုဘဝအဆင့်အတန်း ပြည့်စုံမြင့်မားစေရေး စသည့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ရည်မှန်းချက်များကိုလည်း မဖြစ်မနေ ဆက်လက်ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ ဖွင့်လှစ်လိုက်သည့် ပုသိမ်လေယာဉ်ကွင်းကို တာဝန်ယူဆောင်ရွက်ပေးခဲ့သည့် မြန်မာ့အားဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနကို လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဝန်ကြီးဌာနများနှင့် ရွှေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုသိမ်လေယာဉ်ကွင်းသည် ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် စစ်လေယာဉ်ကွင်းငယ်အဖြစ် တည်ဆောက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ်တွင် စံချိန်မီ လေယာဉ်ကွင်းတစ်ခုဖြစ်လာစေရန် တည်ဆောက်ခဲ့ရာ ၁၉၇၉ ခုနှစ်အထိ အလျားပေ ၁၀၅၀၊ အကျယ်ပေ ၁၀၀ရှိ ကတ္တရာပြေးလမ်းအဖြစ် တည်ရှိခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည့်အတွက် စုစုပေါင်း ကျောက်ကတ္တရာပြေးလမ်းအရှည်ပေ ၄၈၀၀ နှင့် အကျယ်ပေ ၁၀၀ အထိ ရှိခဲ့ကြောင်း။

ခေတ်မီလေဆိပ်အဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၁ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးခဲ့စဉ် ပုသိမ်လေယာဉ်ကွင်းကို ခေတ်မီလေဆိပ်အဖြစ် တည်ဆောက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပုသိမ်လေယာဉ်ပြေးလမ်းကို အလျားပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ရရှိသည်အထိ ကွန်ကရစ်ခင်း တည်ဆောက်သွားရန် ပုံစံရေးဆွဲ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် ပုသိမ်လေယာဉ်ပြေးလမ်းကို အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀၊ ကွန်ကရစ်ထု ၂၂လက်မ တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် ပြည်တွင်းလေယာဉ်များနှင့် အလေးချိန်ပေါင်တစ်သိန်းခွဲရှိ အဲယားဘတ်စ်၊ ဘိုးရင်း ၇၃၇ ကဲ့သို့ ပြည်ပလေယာဉ်များ စတင်ဆင်းသက်နိုင်ပြီဖြစ်သောကြောင့် ယခုဖွင့်လှစ်ပြီး လေကြောင်းလိုင်းများ စတင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လေယာဉ်ပြေးလမ်း တည်ဆောက်ရေးလုပ်ငန်းကိုလည်း ရည်မှန်းချက်အတိုင်း ဆက်လက်တည်ဆောက်နေခြင်းကြောင့် မကြာခင်အချိန်အတွင်းတွင် လေယာဉ်ပြေးလမ်း အလျားပေ ၉၃၀၀၊ အကျယ်ပေ ၂၀၀ ပြီးစီးသွားမည်ဖြစ်သကဲ့သို့ နောက်တစ်ဆင့်တွင် အလျားပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ရသည်အထိ တည်ဆောက်သွားမည်ဖြစ်၍ ဂျက်လေယာဉ်ကြီးများ အချိန်အခါမရွေး၊ ရာသီဥတုမရွေး ဆင်းတက်နိုင်မည့် စံချိန်မီ လေယာဉ်ကွင်းတစ်ကွင်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် လေဆိပ်ခရီးသည်အဆောက်အအုံနှင့် လေကြောင်းထိန်းမျှော်စင်တို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

မုံရွာလေဆိပ်

ယခင်က မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့် ဆက်သွယ်သွားလာရေးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုသာရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း အဆင့်မြှင့်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မကွေးလေဆိပ်ကို ၂၀၀၃ခုနှစ် ဇွန် ၆ရက်၊ ဟုမ္မလင်းလေဆိပ်ကို ၂၀၀၃ခုနှစ် ဩဂုတ် ၃ရက်တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ပုသိမ်လေဆိပ်ကို ဖွင့်လှစ်နိုင်သကဲ့သို့ မကြာမီရက်ပိုင်းအတွင်း မုံရွာလေဆိပ်ကို ဆက်လက်ဖွင့်လှစ်သွားနိုင်မည်ဖြစ်ကြောင်း၊ အခြားလေဆိပ်များကိုလည်း ဘိုးရင်း ၇၃၇-၄၀၀ ကဲ့သို့သော ခရီးသည်တင်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပုသိမ်လေဆိပ်ကို ကြာရှည်ခိုင်မြဲစေရန်နှင့် လေဆိပ်စိမ်းလန်းစိုပြည်ရန်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံပြည်သူလူထုများကလည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြပါရန် မှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

စပါးကေသိန်း ၅၀ ကျော်

ဆက်လက်၍ ရွှေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ရွှေဝတီတိုင်းအတွင်း စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာစီးပွားရေးကဏ္ဍအနေဖြင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်၊ တမံပေါင်းနှစ်ခုကို တည်ဆောက်ပေးခဲ့ပြီး ထပ်မံ၍ ဆည်၊ တာတမံသုံးခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ရေထိန်းတံခါး ၄၉ ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြစ်ရေတင်စီမံကိန်းအနေဖြင့် လျှပ်စစ်မြစ်ရေတင် ၂၄ ခု တည်ဆောက်ပေးခဲ့ပြီး ဆက်လက်၍ လေးခုကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆည်၊ တမံများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် မိုးစပါး၊ နွေစပါး စိုက်ကေသိန်း ၅၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရွှေဝတီတိုင်းတွင် မိုးစပါးကို တစ်နိုင်ငံလုံးစိုက်ဧက၏ လေးပုံတစ်ပုံ၊ နွေစပါးကို တစ်နိုင်ငံလုံး စိုက်ဧက၏ သုံးပုံနှစ်ပုံ စိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်းတစ်နိုင်ငံလုံး စပါးစိုက်ဧက၏ သုံးပုံတစ်ပုံကို ရွှေဝတီတိုင်းက စိုက်ပျိုးနိုင်ခဲ့ကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်စက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန် သုံးခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂ ခုကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် မိမိတို့၏ သား၊သမီးများ ယခင်ကကဲ့သို့ ရပ်ဝေးတွင်သွားပြီး ပညာသင်ကြားရန်မလိုတော့ဘဲ မိမိတို့ဒေသအတွင်းတွင်ပင် အဆင့်မြင့်ပညာများကို လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ရွှေဝတီတိုင်းအတွင်း ခုတင် ၂၅၀ဆံ့မှ တိုက်နယ်ဆေးရုံအဆင့်အထိ ဆေးရုံပေါင်း ၇၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနမှ မိခင်နှင့်ကလေးဆေးပေးခန်းအထိ ဆေးပေးခန်းပေါင်း ၁၀၀၀ ခုတို့ကို ဖွင့်လှစ်၍ အားလုံးကျန်းမာ (Health For All) ရည်မှန်းချက်ပန်းတိုင်သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် မဖြစ်ပေါ်စေရေးအတွက် အခြေခံအဓိကလိုအပ်ချက်ဖြစ်သည့် လမ်းမကြီးများ၊ တံတားကြီးများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများကို နိုင်ငံအဝန်းစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရွှေဝတီတိုင်းအတွင်း၌လည်း ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ကတ္တရာ၊ ကျောက်၊ မြေသားလမ်းစုစုပေါင်း ၈၁၉မိုင် လေးဖာလုံ တိုးချဲ့ဖောက်လုပ်နိုင်သည့်အတွက် ရွှေဝတီတိုင်းအတွင်း ဝန်ကြီးဌာနပိုင်လမ်းပေါင်း ၄၄လမ်း၊ မိုင်အရှည် ၁၂၈၁မိုင် သုံးဖာလုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၃၉၈စင်းကိုလည်း တည်ဆောက်ပေးခဲ့နိုင်ပြီး ယခုလက်ရှိ အရှည်ပေ ၂၁၄၀ရှိ ပုသိမ်တံတားနှင့် အရှည် ၃၈၃၂ပေ ခြောက်လက်မရှည်သည့် ဖျာပုံတံတားတို့ကို ဆက်လက်တည်ဆောက်လျက်ရှိသကဲ့သို့ မြို့တွင်းတံတား၊ မြင်းကဆိပ်တံတားနှင့် ကျွန်းကုန်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် ပုသိမ်လေယာဉ်ကွင်းကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ လေကြောင်းလမ်းဖြင့်ပါ သွားလာနိုင်တော့မည်ဖြစ်ပြီး ရွှေဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီစောင့်ရှောက်ထူထောင်ပေးသည့် နိုင်ငံတော်ကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးနှင့် စေတနာကို တုံ့ပြန်သည့်အနေဖြင့် ရွှေဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူစက်မှုလုပ်ငန်းရှင် ဦးအောင်ကျော်စိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာဖြစ်ထွန်းစေမည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း တည်ဆောက်ဖွင့်လှစ်ပေးခြင်းကို ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အား ကျေးဇူးတင်စကားပြောကြားသည်။

အဘက်ဘက်မှတိုးတက်လာ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပြည်နယ်၊တိုင်းအားလုံး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ ရွှေဝတီတိုင်းသားများ၏ တာဝန်သိသိ၊ သစ္စာရှိရှိ နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

❐ စာမျက်နှာ ၁၁ မှ

လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအခါ ဧရာဝတီတိုင်းသည် အဘက်ဘက်မှ တိုးတက်လာနေပြီဖြစ်ကြောင်း။

ယင်းဖွံ့ဖြိုးတိုးတက်လာသော အခြေခံကောင်းများကို အခြေပြု၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးစားအားထုတ်လုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း၊ ယင်းသို့ ကြိုးစားအားထုတ်လုပ်ကိုင်ရာ၌ စည်းကမ်းရှိမှု၊ အချိန်ကိုလေးစားတန်ဖိုးထားမှု၊ စေတနာမှန်ကန်ထက်သန်မှု၊ အလုပ်ကိုဝီရိယထားကြိုးစားလုပ်ကိုင်တတ်မှု၊ ခေတ်မီနည်းပညာရပ်များနှင့်အညီ တီထွင်ကြံဆလုပ်ကိုင်တတ်မှုတို့ကို အရင်းတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း။

သို့မှသာ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပိုမိုအထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် စေတနာကောင်း၊ အရည်အချင်းကောင်း၊ အလုပ်ကောင်းတို့ဖြင့် ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည့် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာတောင့်တင်းရေးကို ဖော်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း တည်ဆောက်ရေး စီမံကိန်းဝန်ထမ်းများကိုယ်စား တည်ဆောက်ရေး လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွဋ်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်လေယာဉ်ပြေးလမ်း ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြပြီး လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားအပြီးတွင် ပုသိမ်လေဆိပ်ခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ပုသိမ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မြန်မာ့အား ဆောက်လုပ်ရေးကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်က ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။ (သတင်းစဉ်)

မတ် ၁၂ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း အမှာစကားပြောကြားစဉ်။ (၁၉)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သာအေး ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့လက်မှတ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်မှု ဆက်လက်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆နာရီမှ ၉နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် (တပ်ပါ) ချီတက်လေ့ကျင့်မှုများကို စစ်ရေးပြ အမိန့်စဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်

စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက် စစ်ရေးပြလေ့ကျင့်ကြသည်။

တက်ရောက်ကြည့်ရှု

အဆိုပါ စစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

ရန်ကုန် မတ် ၁၄

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဒုတိယအကြိမ် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားကို မတ်၁၂ရက် နံနက် ၉နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မဟာပညာရေးဘွဲ့ရရှိသူ လေးဦးနှင့် ပညာရေးဘွဲ့ရရှိသူ ၅၀ဦးတို့အား ဘွဲ့လက်မှတ်များအပ်နှင်းသည်။ ထို့နောက် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဆရာအတတ်ပညာ ဒီပလိုမာရရှိသူ ၁၅၈ဦးအား ဒီပလိုမာအပ်နှင်းသည်။

ဆက်လက်၍ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အထက(၁)မြောင်းမြ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၄

အထက(၁)မြောင်းမြ အာစရိယပူဇော်ပွဲကို မတ်၂၉ရက်(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊အသစ်များသည် ဦးသန့်ဇင် ၀၉-၉၉-၂၂၁၉၇၊ ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ ဦးကြည်ထွန်း ဖုန်း-၅၇၀၅၉၂၊ ဦးငွေထွန်း ဖုန်း-၂၅၀၂၈၄ နှင့် ဦးတင့်လွင် ဖုန်း-၂၉၉၆၇၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး **(၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
၄:၃၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ အကပဒေသာ
၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၁၀ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး
၆:၂၀ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၂၀ ၁၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၀ ၁၆။ သာယာငြိမ်းချမ်း စိမ်းလန်းစိုပြည် ရန်ကုန်မြေ (အပိုင်း-၂)
၇:၄၀ ၁၇။ **(၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
-ပြည်သူ့အတွက် တပ်မတော်
-ပြည်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ (ကျန်းမာရေး၊မူးယစ်)
-ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
-ဇာတိမာန်(ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွန့်)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၁၀)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် မတ် ၁၄

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွန်း၊ တပ်မတော်တပ်ထိန်းတပ်(လေ) တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ဆည်မြောင်းဦးစီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

ဘယ်ပန်းသာလို့ယဉ် ဇာတ်လမ်းပမာ နားဆင်စရာ ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရိုးရိုးလေး၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်ရွှေ စီစဉ်ထုတ်လွှင့်လိုက်သည့် "ဘယ်ပန်းသာလို့ယဉ်" ဇာတ်လမ်းပမာ နားဆင်စရာကို မတ်၁၈ရက် ည ၇ နာရီ ၁၅ မိနစ်နှင့် မတ် ၁၉ ရက် မွန်းလွဲ ၁၂နာရီခွဲတို့တွင် မြန်မာ့အသံ ရေဒီယို အစီအစဉ်က ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင် သရုပ်ဆောင်ထားကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မဟာမြတ်မုနိ တောင်တန်းသာသနာပြု ပရဟိတကျောင်းတိုက် ပဓာန နာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုန္ဒရမာလာဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်အား ခမည်းတော် ဦးဘိုးခင်နှင့် မယ်တော် ဒေါ်မိလေးတို့မှ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရေငံရွာ၌ ၁၂၉၆ခုနှစ်တွင် မွေးဖွားသန့်စင်တော်မူသည်။

ရှင်ရဟန်းပြုခြင်း

သက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် ရေငံကျောင်း၊ သာသနဝိသုဒ္ဓိသိမ်၌ ဥပဇ္ဈာယ်ပြီး ရှင်ရဟန်းပြုတော်မူသည်။

စာပေပို့ချခြင်း၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ မဟာမြတ်မုနိကျောင်းကို ၁၉၇၀ပြည့်နှစ်မှစ၍ ပရဟိတကျောင်းထူထောင်၍ တိုင်းရင်းသားလူမျိုးများအား လောကီ၊ လောကုတ္တရာစာပေ များ သင်ကြားပို့ချတော်မူပြီး နယ်စပ်ဒေသ သာသနာပြုလုပ်ငန်းများအား အားစိုက်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် သာသနာတော်အတွက် ပရဟိတလုပ်ငန်းများနှင့် အနာဂတ် သာသနာတော်အတွက် ပြုစုပျိုးထောင်ခြင်း၊ ခမာ၊ ဇာဂရိယ၊ သီလ၊ သမာဓိ၊ ပညာ စသော ဂုဏ်၊ ဖွဲ့လုံ့လ ဝီရိယတို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော သာသနာပြုဘွဲ့တံဆိပ်တော်ဖြစ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ၁၉၉၅ ခုနှစ်၌ အလှူခံရရှိတော်မူသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးအတွက် စွမ်းစွမ်းတမံ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူရင်း သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၉)ဝါအရ ၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၁၂-၃-၂၀၀၄ ရက်၊ (သောကြာနေ့)တွင် ဘဝနတ်ထံ ပျံလွန် တော်မူသွားကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ တပ်ထိန်း၊ ယာဉ်ထိန်းအဖွဲ့များအား ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စည်းကမ်းဖောက်ဖျက်ယာဉ်များ အရေးယူနိုင်ရေးအတွက် အများဆုံးစစ်ဆေးတွေ့ရှိခဲ့သည့် တပ်ထိန်း၊ ယာဉ်ထိန်းအဖွဲ့များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့်၁၂နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် ညွှန်ကြားရေးမှူးများ၊ ဆုရတပ်ထိန်း၊ ယာဉ်ထိန်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မော်တော်ယာဉ်မသုံးစွဲရနေ့နှင့် ပတ်သက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဆုရစစ်ဆေးရေးအဖွဲ့များအား ဆုများကိုပေးအပ် ချီးမြှင့်ကြသည်။ (သတင်းစဉ်)

တွံတေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၁၄

အဋ္ဌမအကြိမ်မြောက် တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၉ရက် နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားလမ်း မွန်ဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနှင့် အသင်းနာယက ဦးသောင်းတင်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ နာယက ခုနစ်ဦးနှင့် အမှုဆောင်အဖွဲ့ဝင်သစ် ၂၅ ဦးအား ရွေးချယ်တင်မြှောက်ကြသည်။ ထို့နောက် အမှုဆောင်အဖွဲ့သစ်ဥက္ကဋ္ဌ ဒေါ်သင်းသင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ (က-ပ)

တွံတေးမြို့နယ်အသင်း(ရန်ကုန်)၏ နာယက ဦးသောင်းတင်က ပခုက္ကူဦးအုံးဖေ စာပေထူးချွန်ဆုရရှိသူ အသင်းသား ဦးကြည်ထွဏ်း(ထန်လှိုင်)အား ဆုချီးမြှင့်စဉ်။ (က-ပ)

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၄)ဖြင့် ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်၊ ဒေါက်တာကျော်သိန်း (ပါမောက္ခချုပ်၊ ငြိမ်း) အကြံပေး ပုဂ္ဂိုလ်၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာထူးချွန်မှု ဒုတိယဆင့် ဦးသိန်းဦး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ နည်းပညာထူးချွန်မှု ဒုတိယဆင့်တို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ကြီးမှူး၍ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် မတ်၁၃ရက် ညနေ၃နာရီက ပြုလုပ်သည်။ အခမ်းအနားတွင် ဒေါက်တာ ဦးအေးထွန်းက

သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးသန်းနိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အပေါ်ပုံ)** (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** Historical Background of Myanmar Economy (ပြည်သူ့ရေးရာ)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မြန်မာ့လက်သီး
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြယ်နှင့်အတူပျံသန်းနေသော" (အပိုင်း-၁) သရုပ်ဆောင်-ကိုကိုလင်းမောင်၊ ခင်ဇာခြည်ကျော်၊ ယမုံဇင်၊ (ဒါရိုက်တာ-တင်သန်းဦး)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၁)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန်စာသင်တိုက် စာအောင်သံဃာ ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို မတ်၁၄ရက်က ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စာအောင်သံဃာအရှင်သူမြတ်အား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရဲစခန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီသည် ဦးစီးအရာရှိများလိုက်ပါလျက် မတ် ၇ ရက်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိ သာယာဝတီ၊ သုံးဆယ်၊ ဇီးကုန်း၊ နတ်တလင်း၊ပေါင်းတည်၊ဒုရင်ဗို၊ ပြည်၊ လို့၊ ဧကရာဇ်ရဲစခန်းများနှင့် အမှတ် (၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ဝက်ထီးကန်)တို့ကို ကြည့်ရှုစစ်ဆေးသည်။ ရဲချုပ်သည် ပေါင်းတည်ရဲစခန်း၊ ပြည်မြို့ခေတ္တရာခန်းမဆောင်၊ အောင်လံမြို့ အောင်မြေရွှေဝါခန်းမတို့၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်၊ ပြည်သူ့အတွက် ရဲတပ်ဖွဲ့ဝင်များဖြစ်ရေးနှင့် ၂၀၀၄ခုနှစ်အတွင်း တပ်ဖွဲ့ဝင်များ အနှစ်သာရ ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ရဲချုပ်သည် မတ် ၈ ရက်တွင် မကွေးတိုင်းရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြု ဖောက်လုပ်ထားသော တောင်တွင်းကြီး-မကွေး ကားလမ်းနှင့် ဒေါ်ရင်းကုန်းရွာကို ဆက်သွယ် ဖောက်လုပ်ထားသည့် မြေသားကားလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ရဲချုပ်သည် မတ် ၉ ရက်တွင် မကွေးတိုင်း တိုင်းအရန်တပ်ခွဲ၊ မှုခင်း/သတင်းတပ်ဆွယ်ရုံး၊ ရေနံချောင်း ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ငွေချို၊ ကျောက်ပန်းတောင်း၊ ပုပ္ပား၊နွားထိုးကြီး၊ ပြင်စည်ရဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုပ္ပား၊ ကျောက်ပန်းတောင်း၊မြင်းခြံ ရဲရိပ်သာတို့၌တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရဲချုပ်သည် မတ် ၁၁ ရက်တွင် ပဲခူးတိုင်း ဆွာရဲစခန်း၊ တောင်ငူအမှတ် (၁)ရဲစခန်းနှင့် ရဲတပ်ရင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

လှည်းကူးမြို့နယ် ကျွန်းကလေး အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ၂၀၀၃-၂၀၀၄ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ ဒုတိယတန်းမှ ထူးချွန်ဆုရရှိသူ မောင်ရာဇာထွန်းအား ကျောင်းအုပ်ဒေါ်အေးအေးစန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ်ပုံမှန်ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၂)ကို ယနေ့ဖြန့်ချိလိုက်သည်။ (ယာပုံ) **မီဒီယာခေတ်မကျန်ရစ်ဖို့** ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်လျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် စပိန်၏ ဒီမိုကရေစီကို ဖျက်ဆီးတိုက်ခိုက်မှု၊ ဗင်နီဇွဲလားနိုင်ငံအကြောင်းသိကောင်းစရာ၊ အီရတ်မှထွက်ပေါက်ရှာသည့်အမေရိကန်၊ အကျဉ်းစခန်းတွင် တရားမစွဲဘဲ ဖမ်းထားသည့် ဗြိတိန်နိုင်ငံသားများ၊ စီးပွားရေးတိုးတက်နှုန်း ကောင်းပါ၏၊ သို့သော်၊ အိုစမာဘင်လာဒင်ကိုဖမ်းမည့်သူ၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်နေသည့် ဗင်နီဇွဲလား၊ ပြည်ပရောက်အမေရိကန် လူငယ်များ မဲပေးခွင့်ဆုံးရှုံးဖွယ်၊ ရွေးကောက်ပွဲနှင့် ဝေးနေသေးသည့် ဟေတီနိုင်ငံ၊ ငြိမ်းခြောက်မှုမရှိလျှင် အဖျက်စွမ်းအားကြီးသည့်လက်နက်များ မရှိနိုင်၊ အကြမ်းဖက်မှုအန္တရာယ် ဂျပန်တပ်လှန့်ထား စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

(ကြေးမုံ)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးကြီးမားလှသော ချစ်ဖေဖေ ဦးအောင်မြင့်(သံမှူးကြီး-မြန်မာသံရုံး-ရောမမြို့)၏ ၁၅-၃-၂၀၀၄ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်တင်တင်လှ

ချစ်သမီးများ- လှိုင်သင်းအောင်၊စုသင်းအောင်၊မေသင်းအောင်။

ပြည်ပအလုပ်အကိုင်လျှောက်ထားလိုသူများအတွက် ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေအင်အားကုမ္ပဏီလီမိတက်တို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံရှိ KFSBတွင် သင်တန်းသားလုပ်သားများအဖြစ်လုပ်ကိုင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

(က) အသက် (၂၀)နှစ်ပြည့်ပြီး (၄၀)နှစ်ထက်မကျော်ရ။

(ခ) အခြေခံ ကိုရီးယားဘာသာစကား နားလည်တတ်ကျွမ်းရမည်။

၂။ လိုအပ်သည့် အရေအတွက်၊ လုပ်ခ၊ ခံစားခွင့်နှင့် ဝန်ဆောင်စရိတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အလုပ်အကိုင်အမျိုးအစားနှင့် လိုအပ်သည့်အရေအတွက် သင်တန်းသားအလုပ်သင် အလုပ်သမားများ(၂၁၈၀)ဦး

(ခ) လိုအပ်ချက် ကျန်းမာသန်စွမ်းရမည်၊ အခြေခံကိုရီးယားဘာသာစကားနားလည်ရမည်၊ တာဝန်ကျသည့် မည်သည့်စက်ရုံတွင်မဆို လုပ်ကိုင်နိုင်ရမည်။

(ဂ) အခြေခံလစာ တစ်လလျှင် ကိုရီးယားသမ္မတ နိုင်ငံသုံးဝမ် (၅၆၇,၂၆၀ ဒသမ ၀၀) အမေရိကန်ဒေါ်လာ (၅၀၀ ဒသမ ၀၀) ခန့်

(ဃ) အချိန်ပို တစ်ပတ်လျှင် (၁၂)နာရီ (၁ဒသမ၅)ဆနှုန်း

(င) အလုပ်ချိန် တစ်နေ့ (၈)နာရီ

(စ) အစားအသောက်နှင့်နေရာထိုင်ခင်း အလုပ်ရှင်မှစီစဉ်ပေးမည်။

(ဆ) စာချုပ်သက်တမ်း သင်တန်းသားလုပ်သားအဖြစ်(၁)နှစ်၊ အလုပ်သမားအဖြစ်(၂)နှစ်၊ စုစုပေါင်း(၃)နှစ်။

(ဇ) ဝန်ဆောင်စရိတ် မြန်မာကျပ်ငွေ(၇)သိန်းတိတိ

(ဈ) ရွေးချယ်စေလွှတ်မှုစနစ် အရည်အချင်းပြည့်မီသော လျှောက်လွှာများကို ကိုရီးယားသမ္မတနိုင်ငံရှိ (K.F.S.B)) မှ ကွန်ပျူတာစနစ်ဖြင့်ရွေးချယ်ပြီး အရွေးချယ်ခံသူများကိုသာ စေလွှတ်မည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အလုပ်သမားရုံးနှင့် ကျန်ပြည်နယ်၊ တိုင်းများရှိ ပြည်နယ်၊ တိုင်း အလုပ်သမားရုံးများတွင်၂၀၀၄ခုနှစ် ဧပြီလ၃၀ရက်နေ့ ၁၆:၀၀ နာရီမတိုင်မီ တင်သွင်းရမည်။

၄။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

ဆရာအာသာ B.A. (English); Dip. in E.L.T.

ကလေးများအတွက် Speaking + Grammar

Spoken English

Mar-15,22,29

SUCCESS LANGUAGE ACADEMY

☎: 296724

သွားချိုက် / သွားအလှပြုပြင်ခြင်း (သီးသန့်) ဆေးခန်းများ

9 AM-8 PM

တိုက်ခန်းငှား / ရောင်းမည်

အနော်ရထာလမ်းနှင့် ၅၆(လမ်းတို)ထောင့်

(ပထမထပ်) 18' x 60'

Ph ; 296911, 293294

Medicated 2 in 1 Shampoo

Balanced Conditioning

Dream Peeling Cleanser

Dream UV Care Cream

Dream 4 Hair & Body Medicated Shampoo 2 in 1

မဟာသင်္ကြန်ရက်အတွင်း အေးချမ်းစွာအနားယူအပန်းဖြေလိုသူများအား

ချောင်းသာဦးကမ်းခြေဟိုတယ်(ချောင်းသာ)မှ

ဝန်ဆောင်မှုအပြည့်အဝဖြင့် နွေးထွေးလှိုက်လှဲစွာကြိုဆိုနေပါသည်။

ရန်ကုန်ဖုန်း 01 - 254708, 254709

ချောင်းသာဖုန်း 042 - 22888, 24880 ~ 24883 (Ext. 353)

အမှတ်-၂၉၉ / ၃၀၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မဟာသင်္ကြန်ရက်အတွင်း အေးချမ်းစွာအနားယူအပန်းဖြေလိုသူများအတွက်

ချောင်းသာဦးကမ်းခြေဟိုတယ်(ငွေဆောင်)မှ

အထူးအစီအစဉ်ဖြင့် BOOKING များ စတင်လက်ခံနေပါပြီ။

ရန်ကုန်ဖုန်း 01 - 254708, 254709

ငွေဆောင်ဖုန်း 01 - 581100~4 (Ext. 324, 325)

အမှတ်-၂၉၉ / ၃၀၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။





ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ခုနှစ် မတ်လ ၉ရက်

ချိပ်ပိတ်စျေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်စျေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	တိရစ္ဆာန်အစားအစာကုန်ကြမ်း၊ဖြည့်စွက်ဆေးဝါးနှင့်ပီနံအိတ်ခွံများ	1.Lot
၂။	သတင်းစာစက္ကူများ (News Print Paper)	10000.Reams

ချိပ်ပိတ်စျေးနှုန်းလွှာများကို ၂၄-၃-၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန် နောက်ဆုံး ထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု၊ ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လေလံကြော်ငြာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ရှုခင်းသာအပန်းဖြေဥယျာဉ်နှင့် ကန်တော်ကြီး Relaxation Zoneရှိ လုပ်ငန်းများအား စျေးပြိုင်စနစ်ဖြင့် လေလံတင် အငှားချထားခြင်းကို ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့) ၀၉:၀၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ လေလံပွဲတွင် ၁-၃-၂၀၀၄ မှ ၈-၃-၂၀၀၄အထိ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လေလံပွဲတွင် လေလံမအောင်မြင်သော ကျန်ရှိနေသည့် အခွန်ဌာနမှ လုပ်ငန်းများ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သန့်စင်ခန်းများ၊ စျေးများဌာနမှ သန့်စင်ခန်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရ လုပ်ငန်းများ၊ စျေးများဌာနမှ ဘုရင့်နောင်စျေး (၂)ထပ်ရုံဆိုင်ခန်းများ၊ အခွန်ဌာနမှ ဒဂုံဇရာပွဲရုံနှင့် အဝေးပြေးဆိုင်ခန်းများ၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်ခန်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃) စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများနှင့် ပစ္စည်းဟောင်းများကိုပါ ထည့်သွင်း၍ စျေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်း၊ ရောင်းချခြင်းများကို ထပ်မံ ကျင်းပပြုလုပ်ပေးမည်ဖြစ်ပါသည်။

